ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 18 November 2023 ၁၁၂၈၃

ကောင်းမှုပွားများခြင်းက နှစ်တန်သောဘဝ ချမ်းသာစေတတ်

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

ကုလသမဂ္ဂ၏ ဘက်လိုက်သော ဆုံးဖြတ်ချက်အဆိုအား မြန်မာက ပယ်ချ

နယူးယောက်မြို့၌ ကျင်းပနေသည့် (၇၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM)နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတို့၏ အစီရင်ခံစာများအပေါ် ပူးတွဲရှင်းလင်းဆွေးနွေးမှုများကို ၂၃-၁၀-၂၀၂၃ ရက်တွင်ပြုလုပ်ခဲ့သည်။ ထို့အပြင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" မွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ"ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များပါဝင်ခြင်းမရှိဘဲ ၁၅-၁၁-၂၀၂၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် တန်ဆောင်တိုင်ရုံးပိတ်ရက် ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော်-ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေး

ဆောင်းပါး စာမျက်နှာ » ၆

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဆိုင်ရာအဆောက်အဦများအား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက်

စာမျက်နှာ » ၉

ကြားမှု

သွေးထိုးလှုံ့ဆော်မှုများ အစဉ်သတိထား

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ထွန်းကားလာသော မျက်မှောက်ကာလတွင် လူသားအကျိုးပြု ကောင်းသောလုပ်ဆောင်မှုများ ရရှိလာကြသည်ကို ကြိုဆိုရမည်ဖြစ်သလို တစ်ဖက်တွင် အဆိုပါ တိုးတက်ဖြစ်ထွန်းမှုကို အသုံးပြု၍ ပြည်သူ့အများ လူမှုစီးပွားဘဝ တည်ငြိမ်မှုပျက်ပြားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများ၊ စိုးရိမ်ပူပန်မှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်မှုများကို သတိပြုရမည်ဖြစ်သည်။

တိုင်းပြည်နှင့်လူထုအကျိုးစီးပွားပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်မှုများ၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်စေမှုများ ပြုလုပ်ကြသော မသမာသူများ အစဉ်ရှိခဲ့သည်ကို သမိုင်းတစ်လျှောက်တွင် တွေ့ရမည်ဖြစ်သည်။ သတင်းအချက်အလက်နှင့် နည်းပညာများ မထွန်းကားစဉ်ကာလက ပြည်သူများကြားတွင် တီးတိုးဝါဒဖြန့်မှု၊ မဟုတ်မမှန် ကောလာဟလဖြန့်ဝေမှုများရှိခဲ့သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ထွန်းကားလာသောကာလတွင် မမှန်သတင်း ထုတ်လွှင့်မှုများ ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေသော ကာလတွင် တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေး၊ စီးပွားရေးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါတွင် ပြည်တွင်း၊ ပြည်ပ မျက်နှာစာအသီးသီးမှ နှောင့်ယှက်ဖျက်ဆီးမှုမျိုးစုံ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခြေအနေတွင် မသမာသူများကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အကြောင်းပြု၍ မဟုတ်မမှန်သတင်းများ၊ ကောလာဟလ ထုတ်လွှင့်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများက နိုင်ငံပိုင်နက်နယ်မြေဒေသအချို့တွင် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကို တပ်မတော်က စွန့်စွန့်စားစား ရွပ်ရွပ်ချွဲချွဲ ရှင်းလင်းဖယ်ရှားလျက်ရှိရာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို လိုလားသော၊ တပ်မတော်ကို ချစ်ခင်မြတ်နိုးသော ပြည်သူများက ထောက်ခံအားပေး ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိနေချိန်တွင် ပြည်တွင်း၊ ပြည်ပမှ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေလိုသော မသမာသူများက တည်ငြိမ်မှုပျက်ပြားအောင်၊ ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်မားလာအောင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပေးနေကြသည်ကို သတိပြုရမည်ဖြစ်သည်။

လတ်တလောတွင် ပြည်သူများကြား၌ စက်သုံးဆီနှင့်ပတ်သက်၍လည်းကောင်း၊ ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ငွေကြေးဆိုင်ရာနှင့်ပတ်သက်၍လည်းကောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်းကောင်း မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများ ထုတ်လွှင့်ပြီး တည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများသည် ယခုမှပင်မဟုတ် သမိုင်းကြောင်း တစ်လျှောက်တွင်ရှိခဲ့ပြီး တပ်မတော်အနေဖြင့် ရှင်းလင်းဖယ်ရှားနိုင်သည့် စွမ်းရည်ရှိပြီးဖြစ်သည်။ အဓိကမှာ ပြည်သူလူထုကြားတွင် လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေနိုင်သော နှောင့်ယှက်ဖျက်ဆီးမှုများကို အသိတရားဖြင့် သတိထားရမည်ဖြစ်သည်။

ပြည်သူများကြားတွင် ဖြစ်ပေါ်နေသည့် အခြေအနေပေါ်မူတည်၍ အမြတ်ထုတ်သည့် သွေးထိုးလှုံ့ဆော်မှုများကို စိုးရိမ်ပူပန် မတွေဝေသင့်ပေ။ အဖျက်သမားများက ပြည်သူများ တွေဝေအောင် မဟုတ်မမှန်ဝါဒဖြန့်မှုများရှိသလို မသမာသူများကလည်း အချောင်အမြတ်ထုတ်ရန် ကြံစည်လုပ်ကိုင်နေမှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ ဝါဒဖြန့်ချိရေးနည်းပရိယာယ်အမျိုးမျိုး၌ ပြည်သူတစ်ရပ်လုံးတွင် ဖြစ်ပေါ်နေသည့် စိတ်အခြေအနေကိုကြည့်၍ မိမိရည်မှန်းချက်အခြေအနေ ရောက်အောင် ဖန်တီးထိန်းကျောင်းပဲ့ကိုင်သည့် နည်းလမ်းလည်းပါဝင်သည်။ အများပြည်သူ၏စိတ်ခံစားချက်ကို မိမိရည်မှန်းချက်ရောက်အောင် ဆွဲယူနည်းဖြစ်သည်။ ယခုအခါ ပြည်ပသတင်းဌာနများက ဤနည်းနိသယကို ထိရောက်စွာ အသုံးချနေကြသည်။ ဤနည်းလမ်းကို ရှေးကာလများကတည်းက အသုံးချခဲ့ပြီး ပြည်သူများအနေဖြင့် အသုံးချနေမှန်းပင်မသိအောင် ကိုင်တွယ်လျက်ရှိသည်။ မသမာသူ ဝိသမလောဘသားများကလည်း အလားတူပင်ဖြစ်သည်။

ဖြစ်ပေါ်နေသောအခြေအနေတစ်ခုအပေါ်တွင် အမြတ်ထုတ်နိုင်ရန်အတွက် အဘက်ဘက်က ကြိုးစားအားထုတ်နေကြသည်။ လက်ငင်းဖြစ်ပေါ်နေသော အခြေအနေတစ်ခုကိုအခြေခံ၍ ၎င်းတို့ ရည်မှန်းချက်သို့ရောက်အောင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နည်း၊ သာသာထိုးထိုးနည်းများဖြင့် အသုံးချခံရသူက အသုံးချခံလိုက် ရမှန်းမသိအောင် သိမ်မွေ့နက်နဲသည့်နည်းပညာများသည် ယနေ့ အွန်လိုင်းခေတ်တွင် အသုံးတွင်ကျယ်လာသည်ကို ပြည်သူများအနေဖြင့် သတိထားဆင်ခြင်ကြည့်နိုင်သည်။ လုပ်ကြံဝါဒဖြန့်၊ မဟုတ်မမှန်သတင်းဖြန့် သတင်းမှိုင်း၊ သတင်းအဆိပ်သင့်မှုသည် အလုံးစုံပင် ရှင်းပြ ရှင်းမရ အမှန်မသိနိုင်သည့် အခြေအနေသို့ ရောက်နိုင်သည်ကို သတိပြုသင့်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးလုပ်ဆောင်နေသော အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများအား တပ်မတော်က ရှင်းလင်းဖယ်ရှားနေချိန်တွင် ပြည်ပသတင်းဌာနများက သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်တွင်းမှ မသမာသူများက မဟုတ်မမှန်သတင်းများ ဖြန့်ဝေနေမှုကို ဆင်ခြင်သတိထား၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ စိုးရိမ်ပူပန်မှုကင်းဝေးရေးအတွက် နိုင်ငံချစ်စိတ်ဖြင့် ကိုယ်စီပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ မြဝတီ စာပေတိုက်က အလှူငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် ဒလမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်မြမြသန်း (မနှင်းဖွေး)နှင့် ဦးသက်နောင် (ပုလောစိုးနံ့သာ)- ဒေါ်အေးမိုးသူ မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဘားအံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ငါးသောင်း၊ သဲကုန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်လေးသောင်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွှန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွှန့်-တက္ကသိုလ်) တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကော့သောင်းမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၃)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဦးစွာ ခရိုင်စီမံအုပ်ချုပ်

ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းဆင်းဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးမှူးတို့က သင်တန်းသူ သင်တန်းသားများအား အမှတ်တရဝတ်စုံများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၁၇ ရက် အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလအတွင်း စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နာရေးကူညီရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇ - ၁၁ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၆၀၀	၈,၈၀၀	၃၂၆	၂,၇၉၅,၁၀၀
MTSH	၂,၈၅၀	၂,၉၀၀	၂,၅၄၅	၇,၃၈၀,၄၅၀
MCB	၇,၆၀၀	၇,၆၀၀	၂၆	၁၉၇,၆၀၀
FPB	၁,၅၅၀	၁,၆၀၀	၆၅	၁၀၃,၅၀၀
TMH	၂,၄၀၀	၂,၄၀၀	၁၅၂	၃၆၄,၈၀၀
EFR	၂,၀၀၀	၂,၀၀၀	၁၇၁	၃၄၂,၀၀၀
AMATA	၄,၉၀၀	၄,၉၀၀	၈	၃၉,၂၀၀
MAEX	၁,၇၀၀	၁,၇၀၀	၁,၅၃၉	၂,၆၁၆,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် သုံးယောက်တွဲနှင့် တစ်ဦးချင်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ကိုးယောက်တွဲ ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၏ သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ကိုးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက Physical Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှူထန်က သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက တံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲများတွင် အဆင့် (၄)၊ (၅)၊ (၆) ရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကို လူထုအားကစားလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်၊ အားကစားလှုပ်ရှားမှုများတွင် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ဗလငါးတန်ဖို့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်းတို့မှ အားကစားသမားစုစုပေါင်း ၂၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ကုလသမဂ္ဂနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာရုံးမှ Assistant Secretary-General Mr. Khaled Khiari သည် ၎င်းအားလုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းမရှိဘဲ အဆိုပါ ပူးတွဲဆွေးနွေးမှုတွင် ပါဝင်တင်ပြခဲ့သည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Thomas Andrews ကလည်း ၂၃-၁၀-၂၀၂၃ ရက်တွင်ပင် ၎င်း၏ ကျင့်ဝတ်နှင့်မညီရုံမျှသာမက ပညာရှင်မဆန်သော အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများထံ တင်ပြဆွေးနွေးခဲ့သည်။ IIMM ယန္တရားက စုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက် ၂၃ သန်း၏ တိကျမှန်ကန်မှုကို စိစစ်နိုင်ခြင်းမရှိဘဲ ၎င်းတို့ဘာသာ လိုရာဆွဲ၍ ကောက်ချက်ချလျက်ရှိသည်။ "NUG" ဆိုသည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်းက မြန်မာနိုင်ငံ အမည်ခံ၍ ကုလသမဂ္ဂအစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ချက်များကို ကန့်ကွက်ကြောင်း မြန်မာနိုင်ငံမှ ကုလသမဂ္ဂဘက်သို့ စာပေးပို့အကြောင်းကြားပြီးဖြစ်သည်။

အီးယူနှင့် အိုအိုင်စီတို့က ၁၅-၁၁-၂၀၂၃ ရက်တွင် တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတွင် ယခင်အဆိုများနည်းတူ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာတချို့၏ အခြေအမြစ်မရှိသော စွပ်စွဲချက်များပါဝင်သည်။ ယင်းဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်၊ သြဂုတ်လတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဖြစ်စဉ်မှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းဖြစ်စဉ်၏ အကြောင်းရင်းနှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားခဲ့သည်။ စင်စစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နှောင်းပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ် မြောက်ပိုင်းမှ အလုံးအရင်းဖြင့်နေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများမှ ရာပေါင်းများစွာသော နေရပ်စွန့်ခွာသူများသည် အကြမ်းဖက်သမားများ၏အစီအစဉ်ကို မလိုက်နာခြင်းနှင့် နေရပ်ပြန်ရေးလုပ်ငန်းစဉ်ကို ထောက်ခံခြင်းတို့ကြောင့် သတ်ဖြတ်ခံနေရပြီး၊ ယင်းသို့အသက်အန္တရာယ်ခြိမ်းခြောက်မှုများကြောင့် ၎င်းတို့နေရပ်ပြန်ရေး လုပ်ငန်းစဉ်ဖြစ်မြောက်ရေးကို ထိခိုက်စေသည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေများနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား သဘောတူလက်မှတ်ရေးထိုးထားသော အစီအမံများနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအဖြစ် စိစစ်အတည်ပြုပြီးသူများကို လက်ခံရန် အဆင်သင့်ရှိသည်။ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်ပို့ဆောင်ရန် နှစ်နိုင်ငံအကြား ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် ရာနှင့်ချီသော နေရပ်ပြန်လိုသည့် ဟိန္ဒူများအား ဆောလျင်စွာ နေရပ်ပြန်လာနိုင်ရေး အကူအညီပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြိမ်ကြိမ် မေတ္တာရပ်ခံလျက်ရှိသည်။ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းဆောင်ရွက်၍ မရဘဲ၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့် အခါကမျှ မရှိခဲ့သော "ရိုဟင်ဂျာ" ဆိုသည့် တီထွင်ထားသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ဖော်ပြအပ်သည်။

ဆုံးဖြတ်ချက်အဆိုသည် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၂၃၀ ဦးကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၆,၇၀၀ ကျော် သေဆုံးခဲ့ရသည်ကို ရှုတ်ချရန်ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းပွားစေသော အချက်များနှင့် နိုင်ငံအတွင်း မတူညီသော အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့် အချက်များပါဝင်သည်။

ဆုံးဖြတ်ချက်အဆိုပါ သိမ်းကျုံးစွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အချက်များကြောင့်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆိုများအပေါ် အစဉ်တစိုက်ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုတစ်ခုလုံးအား လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။ ဆုံးဖြတ်ချက်အဆိုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

တံတားဦးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကျောင်းသား ကျောင်းသူများအား ရှေးဦးပြုစုခြင်းအကြောင်း အသိပညာပေးဟောပြော

တံတားဦး နိုဝင်ဘာ ၁၇

တံတားဦးခရိုင် တံတားဦးမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ရှေးဦးပြုစုခြင်းအကြောင်း ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း နေမျိုးစည်သူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်စုနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲ နာယက ဦးမြင့်အောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ တပ်ဖွဲ့မှူး ဦးအောင်နိုင်မင်းက ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့်ရှေးဦးပြုစုခြင်းအကြောင်း ရှင်းလင်းပြောကြားသည် ။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲ တပ်ခွဲမှူး ဒေါ်ရီရီချိုက ဆို့နင့်ခြင်းခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲ လူငယ်ခေါင်းဆောင်ဦးမာန်က လူနာဆန်းစစ်ခြင်းနှင့် ရှေးဦးပြုစုသူ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် (၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (၃/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနမှ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်ကဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်စွက်ဆွေးနွေးသည်။

ပေးအပ်ချီးမြှင့်

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ထူးချွန်စံပြဝန်ထမ်း (အရာထမ်း)ဆု၊ ထူးချွန်စံပြဝန်ထမ်း(အမှုထမ်း)ဆု၊ ဝန်ထမ်းအချင်းချင်း အသိအမှတ်ပြုရွေးချယ်သည့် အကောင်းဆုံးဝန်ထမ်းဆုများ၊ ဌာနအလိုက် စံပြဌာနခွဲဆု၊ ဌာနအလိုက် စည်းကမ်းအကောင်းဆုံးဌာနခွဲဆု၊ သန့်ရှင်းသပ်ရပ်မှုအကောင်းဆုံးဌာနခွဲဆု၊ ဌာနအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှုအကောင်းဆုံးဌာနခွဲဆုနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ စွမ်းဆောင်ရည်အကောင်းဆုံးရုံးခွဲဆုနှင့် နိုင်ငံဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) တိုးလ်ဂိတ်များနှင့် EV Charging Station ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ တိုးလ်ဂိတ်များဖြစ်သည့် စီလမ်းဆုံ တိုးလ်ဂိတ်၊ ပန်းတင်တိုးလ်ဂိတ်၊ ပေပင်လေးတိုးလ်ဂိတ်၊ သီးကုန်းတိုးလ်ဂိတ်၊ ကံကောင်းတိုးလ်ဂိတ်၊ စကားအင်း တိုးလ်ဂိတ်၊ အိုးထုတ္တန်း တိုးလ်ဂိတ်များ၌ လမ်းအသုံးပြုခ ကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်ဖြတ်သန်းခကောက်ခံရာတွင် လေလွင့်ပျောက်ဆုံးမှု မရှိစေရေး တိုးလ်ဂိတ်တိုင်းတွင် CCTV များ

တပ်ဆင်ပြီး Computer စနစ်ဖြင့် ဆောင်ရွက်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ မြန်မာ့အားသစ်မာန်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော EV Charging Station ဆောင်ရွက်ပြီးစီးမှု၊ မန္တလေးကမ်းနားလမ်းအနီး ရာဇာမင်းကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော EV Charging Station နှင့် မန္တလေးဘူတာကြီးအနီး NPK ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော EV Charging Station တို့ကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီမှ သတ်မှတ်ထားသည့် ပုံစံအတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။ **သတင်းစဉ်**

မှော်ဘီမြို့နယ်၌ သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

မှော်ဘီ နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ Myanmar Autumn & Champagne Garments & Textile Co.,Ltd အထည်ချုပ်စက်ရုံနှင့် Myanmar Ta Kung Garment Co.,Ltd အထည်ချုပ်စက်ရုံတို့၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လှိုင်သာယာစက်မှုဇုန်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းသူနှင့် မှော်ဘီမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးသူတို့က အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့သည်။

ဝင်းဇော်(မှော်ဘီ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် မလေးရှားနိုင်ငံ သမားတော်များကောလိပ်၏ နှစ်ပတ်လည်ညီလာခံနှင့် ဆက်စပ်ကျင်းပသော အာဆီယံဆေးကုသမှုပညာရပ်ဆိုင်ရာအဖွဲ့အစည်း၏ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည် အာဆီယံနိုင်ငံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်များ၊ ဆေးသုတေသနနှင့် ဆေးပညာလေ့ကျင့်သင်ကြားရေး နယ်ပယ်များတွင် အတွေ့အကြုံ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေး ဝန်ကြီးဌာနမှ ပါမောက္ခဒေါက်တာ ဒေါ်အေးအေးချစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် မလေးရှားနိုင်ငံ သမားတော်များကောလိပ်၏ နှစ်ပတ်လည်ညီလာခံနှင့် ဆက်စပ်ကျင်းပသော အာဆီယံဆေးကုသမှု ပညာရပ်ဆိုင်ရာ အဖွဲ့အစည်း၏ အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံနိုင်ငံများမှ ဆေးကုသမှုဆိုင်ရာ သမားတော်များအကြား ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအလွန်ဟော်မုန်းဆိုင်ရာ ရောဂါများ၊ အဆစ်ရောင်ရောဂါများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါ အစရှိသည့်ရောဂါများ ကုသရာတွင် နောက်ဆုံးပေါ် ကုထုံးများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ရောဂါကုသမှုအတွေ့အကြုံများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ သုံးရက်ကျင်းပမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးသို့ နိုင်ငံတကာမှ ဆေးကုသမှုဆိုင်ရာ သမားတော်များ တက်ရောက်ကြမည်ဖြစ်ကာ နိုင်ငံများအကြား ဆေးပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရရှိနိုင်မည်ဖြစ်ပါသဖြင့် မိမိနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် များစွာအထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်းနှင့် အတူပူးပေါင်း လုပ်ကိုင်နေသူများကိုလည်း အတွေ့အကြုံကောင်းများ ပြန်လည် မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကရင်ပြည်နယ် မြဝတီမြို့နယ် မြ ဝန်ဆောင်မှုနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏(၂၀၂၂ -၂၀၂၃) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါ သမဝါယမအသင်းလီမိတက်၏ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌ ဦးစိန်သောင်း အဖွင့်အမှာစကားပြောကြားစဉ်။

ထွန်းထွန်းဦး

ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများသို့ အသိပေးကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်တွင်ကျင့်သုံးလျက်ရှိသည့် စျေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေသည့် အမျိုးမျိုးသော ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဘဏ်နှင့်ဆက်သွယ်သူပြည်သူများ၏ အပ်နှံငွေများမှ ငွေသားထုတ်ယူခြင်းကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲတစ်ခုသည် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းရသည့်အခြေအနေဖြစ်ပေါ်ပါက ယင်းဘဏ်ခွဲရှိ စာရင်းဇယားအချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး၊ ခရိုင်ဘဏ်ခွဲအဆင့်ဆင့်တို့တွင် စနစ်တကျ ထိန်းသိမ်းထားရှိခြင်းကြောင့် သက်ဆိုင်ရာဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူပြည်သူများ နစ်နာမှုမရှိစေရန် အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူ့ပြည်သားအကျိုးအတွက် အစဉ်အလေးထား ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြန်မာ့စီးပွားရေးဘဏ်**

နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ စက်သုံးဆီများအား ဆီသယ်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အတိုင်းဖြစ်ပြီး စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ စက်သုံးဆီရောင်းချနေမှုများကို စစ်ဆေးဆောင်ရွက်ခြင်း၊ အများပြည်သူသို့ ရောင်းချပေးသည့် စက်သုံးဆီများ အခြင်အတွယ်မှန်ကန်ကိုက်ညီမှုရှိစေရန်အတွက် လီတာ ၂၀ စံခြင်ခွက်များဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီလာရောက်ဝယ်ယူသူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

Sliver Wave(သုဝဏ္ဏ)

360 Petro(သာကေတ)

Asia Energy(မန္တလေး)

DENKO(နေပြည်တော်)

❖ **တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်းမှ**

အောက်ဖော်ပြပါ နေ့ရက်/အချိန်များအတိုင်း အစုန်/အဆန် အထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်–

စဉ်	နေ့ရက်	ရထားအမှတ်	ခရီးစဉ်		ထွက်/ရောက်ချိန်	
			မှ	ထိ	ထွက်ချိန်	ရောက်ချိန်
၁	၂၄.၁၁.၂၀၂၃	အစုန်အထူး	နေပြည်တော်	ရန်ကုန်	၁၈:၃၀	၀၇:၃၀
၂	၂၄.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၃	၂၄.၁၁.၂၀၂၃	အစုန်အထူး	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၄	၂၄.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	မော်လမြိုင်	၀၇:၄၅	၁၇:၄၅
၅	၂၄.၁၁.၂၀၂၃	အစုန်အထူး	မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၉:၁၀
၆	၂၅.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	မော်လမြိုင်	၀၇:၄၅	၁၇:၄၅
၇	၂၅.၁၁.၂၀၂၃	အစုန်အထူး	မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၉:၁၀
၈	၂၅.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၉	၂၅.၁၁.၂၀၂၃	အစုန်အထူး	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၀	၂၆.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	မော်လမြိုင်	၀၇:၄၅	၁၇:၄၅
၁၁	၂၆.၁၁.၂၀၂၃	အစုန်အထူး	မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၉:၁၀
၁၂	၂၆.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၁၃	၂၆.၁၀.၂၀၂၃	အစုန်အထူး	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၄	၂၇.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	နေပြည်တော်	၁၈:၃၀	၀၇:၃၀
၁၅	၂၇.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၁၆	၂၇.၁၁.၂၀၂၃	အစုန်အထူး	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၇	၂၇.၁၁.၂၀၂၃	အဆန်အထူး	ရန်ကုန်	မော်လမြိုင်	၀၇:၄၅	၁၇:၄၅
၁၈	၂၇.၁၁.၂၀၂၃	အစုန်အထူး	မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၉:၁၀

အထက်ပါခရီးစဉ်များအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားစီးခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများအနေဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။ **မြန်မာ့မီးရထား**

(၃၄) နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေး

လင်းလက်မေမေ

အိမ်တစ်အိမ်၏ ဆည်းလည်းရတနာဟု တင်စားခေါ်ဝေါ်ကြရသည့် ကလေးများသည် တိုင်းပြည်၏တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် အနာဂတ်၏ မျိုးဆက်သစ်များဖြစ်သည်။ ထို့ကြောင့် အနာဂတ်၏ လူတော်လူကောင်းများ ဖြစ်လာစေရန် ကလေးများကို အသိပညာတိုးပွားစေရေး၊ ယဉ်ကျေးလိမ္မာ၍ ဘာသာတရားကိုင်းရှိုင်းစေရေး၊ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေး၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ထားရှိတတ်စေရေး၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်သည့်စိတ်များဖြစ်ပေါ်မည့် အလေ့အကျင့်ကောင်းများဖြင့် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

ထိုသို့ပျိုးထောင်ရာတွင် ကလေးများ၏အိပ်မက်နှင့် ဆန္ဒများကို အသိအမှတ်ပြု၍ ကလေးများ အားလုံးရထိုက်သည့် အခြေခံအခွင့်အရေးများ ဖြစ်သည့် လုံလောက်သော အစားအစာနှင့် အာဟာရ၊ ပညာသင်ကြားမှု အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းနှင့် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တို့ကို ပံ့ပိုးပေးရမည်ဖြစ်သည်။

ကလေးများအားလုံးအတွက် အဆိုပါ အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကလေးများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာ၍ ပညာသင်ယူခွင့်ရရှိသော ကလေးများသည် ဆင်းရဲနွမ်းပါးမှုသံသရာကို ကျော်ဖြတ်နိုင်ပြီး ပြည့်စုံသောဘဝများဆီသို့ လျှောက်လှမ်းနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ကလေးများအတွက် အဆိုပါအခြေခံအခွင့်အရေးများရရှိစေရေး ဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရသာမက မိဘများ၊ မိသားစုဝင်များနှင့် ရပ်ရွာလူထုများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးသူငယ်များ၏ အခွင့်အရေးများ အား အပြည့်အဝဖော်ဆောင်ပေးနိုင်ရေး နှိုးဆော်ပေးရန်အတွက် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း ကျင်းပလေ့ရှိပါသည်။

မကွေးမြို့၌ (၃၄) နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

သဘောတူစာချုပ်(United Nations Convention on the Rights of the Child–UNCRC) ကို လည်းကောင်း အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အဆိုပါကြေညာစာတမ်းနှင့် စာချုပ်များ အတည်ပြု ပြဋ္ဌာန်းခဲ့သည့် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့(World Children's Day) အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ၃၄ နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။

နောက်ဆက်တွဲစာချုပ်(Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict(CRC–OPAC))တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) တွင် ကလေးသူငယ်အခွင့်အရေးအပိုင်း၌ အပိုဒ် ၄၁ ပိုဒ် ပါရှိပြီး အပိုဒ် ၄၂ မှ ၄၅ အထိ အပိုဒ် ၁၃ ပိုဒ်မှာ အဖွဲ့ဝင်

> ❖ **ကလေးများ၏ အိပ်မက်နှင့်ဆန္ဒများကိုအသိအမှတ်ပြု၍ ကလေးများအားလုံးရထိုက်သည့် အခြေခံအခွင့်အရေးများဖြစ်သည့် လုံလောက်သောအစားအစာနှင့် အာဟာရ၊ ပညာသင်ကြားမှု အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းနှင့် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တို့ကို ပံ့ပိုးပေးရမည်**
>
> ❖ **ကလေးများအားလုံးအတွက် အဆိုပါအခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကလေးများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာ၍ ပညာသင်ယူခွင့်ရရှိသော ကလေးများသည် ဆင်းရဲနွမ်းပါးမှုသံသရာကို ကျော်ဖြတ်နိုင်ပြီး ပြည့်စုံသောဘဝများဆီသို့ လျှောက်လှမ်းနိုင်မည်**

ကမ္ဘာ့ကလေးများနေ့ဖြစ်ပေါ်လာပုံ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၈၃၆(၉) အရ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ကို ကမ္ဘာတစ်ဝန်းတွင် သတ်မှတ်ကျင်းပရန်နှင့် ကုလသမဂ္ဂ ပဋ္ဌေဿာဥ်စာတမ်းပါ စံနှုန်းများ၊ ရည်မှန်းချက်များနှင့် ကမ္ဘာပေါ်ရှိ ကလေးများ၏ဘဝ သာယာရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေး လှုံ့ဆော်ပေးရန်အတွက် လှုပ်ရှားမှုနေ့အဖြစ် ကျင်းပရန် သင့်လျော်သည့်နေ့စွဲသတ်မှတ်ပေးရန် နိုင်ငံများက အကြံပြုခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း(Declaration of the Rights of the Child)ကို လည်းကောင်း၊ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ

UNCRC အကောင်အထည်ဖော်ဆောင်ရွက်မှုများ

မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၁ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်း၊ ညစ်ညမ်းရုပ်ပုံများဆိုင်ရာ CRC နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Sale of Children, Child Prostitution and Child Pornography(CRC–OPSC))တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂစာချုပ်၏ နောက်ဆက်တွဲစာချုပ်ဖြစ်သည့် လက်နက်ကိုင်ပဋ္ဌိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နိုင်ငံတိုင်းက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝတ္တရားများဖြစ်သည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအားလုံးက ကလေးများအတွက် ဖြည့်ဆည်းပေးရန် အဓိကအခွင့်အရေး လေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ ကာကွယ်စောင့်ရှောက်မှုရရှိခွင့် (Protection)၊ ပါဝင်ဆောင်ရွက်ခွင့် (Participation) တို့ကိုလည်းကောင်း၊ ကလေးသူငယ်များနှင့်ပတ်သက်၍ အခြေခံမူလေးရပ်အဖြစ် ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်ထွန်းစေသောမူ (The best interests of the child)၊ ခွဲခြားသတ်မှတ်မှုမရှိစေသောမူ (Non–discrimination)၊ အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသောမူ (Survival and Development)၊ ကလေးသူငယ်၏ ထင်မြင်ယူဆချက်အား အလေးပေးစေသောမူ (Respect to child's opinion)ကို လည်းကောင်း ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရှိရသည်။

UNCRC ပါ ကလေးသူငယ်အခွင့်အရေးလေးရပ်နှင့်အခြေခံမူလေးရပ်နှင့်အညီ ကလေးသူငယ် အခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ် ဥပဒေကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် UNCRC ပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေသစ်အား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကလေးသူငယ်များအားလုံး အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ရရှိစေရေးအတွက် နည်းဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)တွင် ကလေးသူငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့အတွက် ပြစ်မှု၊ ပြစ်ဒဏ်များအပါအဝင် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ မိဘပြုစုစောင့်ရှောက်မှုမရရှိသော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအခန်းများပါရှိသဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ထိရောက်သော ဥပဒေတစ်ခုဖြစ်သည်ကို တွေ့ရပါသည်။

ထို့အပြင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒအား ရေးဆွဲလျက်ရှိသည်။ ထိုမူဝါဒသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း (Violence)၊ အလွဲသုံးခြင်း(Abuse)၊ လျစ်လျူရှုခြင်း (Neglect)၊ ခေါင်းပုံဖြတ်ခြင်း (Exploitation) တို့အား ကာကွယ်တားဆီးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် နည်းလမ်းများကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး ကလေးသူငယ်များ ဘေးကင်းလုံခြုံရေးနှင့် ဘဝသာယာစေရေး အားလုံးမျှဝေတာဝန်ယူဆောင်ရွက်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် နိုင်ငံတော်အစိုးရက မိသားစုများနှင့် ရပ်ရွာသို့ ပံ့ပိုးပေးရန် မျှော်မှန်းထားပါသည်။

ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ဖော်ဆောင်နိုင်ရန်၊ ကလေးသူငယ်များ၏ အခွင့်အရေးများ အပြည့်အဝခံစားရရှိစေရန်နှင့် အကာအကွယ်ပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက

စာမျက်နှာ ၇ သို့ ☆

World Children's Day

ကမ္ဘာ့ကလေးများနေ့

"For every child, every right"

"အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက် နေပြည်တော်

☆ စာမျက်နှာ ၆ မှ

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင်လည်းကောင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၃၇ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကိုလည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါသည်။

နိုင်ငံအဆင့် အစီရင်ခံစာများ

CRC အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် တာဝန် ၅ ရပ်တွင်ပါရှိသည့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို UNCRC Committee သို့ နိုင်ငံအဆင့် အစီရင်ခံစာများ တင်ပြရန်ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံတော်အစိုးရက အစီရင်ခံစာများ တင်သွင်းဆောင်ရွက်လျက်ရှိရာ ပထမအကြိမ်အစီရင်ခံစာကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ တတိယနှင့် စတုတ္ထအကြိမ် အစီရင်ခံစာကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ပဉ္စမနှင့် ဆဋ္ဌမအကြိမ် အစီရင်ခံစာကို ၂၀၂၁ ခုနှစ်တွင်လည်းကောင်း တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

UNCRC ပါ ကလေးသူငယ်အခွင့်အရေးများနှင့် ဥပဒေပါအချက်များကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ခရိုင်နှင့် မြို့နယ်အဆင့်များအပါအဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် UNCRC ပါ ကလေးသူငယ်အခွင့်အရေးများနှင့် ဥပဒေပါ အချက်များဆိုင်ရာ အသိပညာပေးခြင်းနှင့် ဟောပြောပွဲ (၃၄၉) ကြိမ်ဖြင့်လည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်းတွင် (၁၆၇)ကြိမ်ဖြင့်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးသူငယ်များကိုယ်တိုင် ၎င်းတို့၏အခွင့်အရေးများကို သိရှိစေရန်အတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား "ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိနားလည်ရေး" ခေါင်းစဉ်ဖြင့် ၁-၇-၂၀၂၂ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အခြေခံပညာသင်ကျောင်း ၁၄၇ ကျောင်းတွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၅ ခုနှစ်မှစတင်၍ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် (Case Management System)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ Nationwide Case Management Supervision Unit(NCMSU) ကို ဖွဲ့စည်းကာ လူမှုရေးရာဖြစ်ရပ်ကြီးကြပ်သူ ၄၅ ဦး၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ ၃၂၀ ဖြင့် နိုင်ငံတစ်ဝန်းရှိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

လူမှုရေးရာဖြစ်ရပ်များ လွှဲပြောင်းချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အကြမ်းဖက်ခံရသူများအား အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် Social Management Information System (SMIS) Digital Platform ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ သတင်းနည်းပညာဌာန၏ နည်းပညာအကူအညီဖြင့် ရေးဆွဲခဲ့ရာ ၁၈-၅-၂၀၂၃ ရက်နေ့တွင် စတင်အသုံးပြုနိုင်ခဲ့ပါသည်။

Software လေးခု ပါဝင်

SMIS Umbrella အောက်တွင် Software လေးခုအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program–MCCT)၊ လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း (Social Pension Program –SP)၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information Management System– CMIMS) နှင့် မသန်စွမ်းသတင်းအချက်အလက်စနစ် (Disabled Management Information System–DMIS)တို့ ပါဝင်ကြောင်း သိရှိရပါသည်။

အဆိုပါ Software လေးခုအနက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information Management System– CMIMS)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် စနစ်တကျ သုံးစွဲနိုင်ပြီဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား အချိန်မီကာကွယ်စောင့်ရှောက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းမှုများ ကြုံတွေ့လာပါက အလွယ်တကူ တိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် (၀၆၇-၄၀၄၂၂)နှင့် (၀၆၇-၄၀၄၉၉၉)ဖြင့် ၂၄ နာရီ ဝန်ဆောင်မှုပေးခြင်းကို ၂၀၁၆ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ Helpline ဖုန်းခေါ်ဆို တိုင်ကြားမှုအပြင် Viberနှင့် Facebook Page များတွင် စာတိုပေးပို့ တိုင်ကြားနိုင်ပြီး ယခုအခါ ဝန်ဆောင်မှုရယူသူများ ဖုန်းခေါ်ဆိုရာတွင် မှတ်သားခေါ်ဆိုရန် လွယ်ကူသည့် အထူးချိတ်ဆက် ဖုန်းနံပါတ် ၁၅၆၆ သို့ ဆက်သွယ်တိုင်ကြားနိုင်ပြီဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနက စနစ်တကျလေ့ကျင့်ထားသော လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများ၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသော ကလေးသူငယ်များအတွက် နစ်နာကြေး ပံ့ပိုးပေးခြင်း၊ တရားရုံးရင်ဆိုင်နေရသူများအတွက် ခရီးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ အကူအညီများ(Legal Aids)ရရှိအောင် ချိတ်ဆက်ဆောက်ရွက်ပေးခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာ (Psycho Social Support) များ ဆွေးနွေးပေးခြင်း၊ ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာခံစားမှုများ (Severe Trauma and Stress) အတွက် ကျွမ်းကျင်သူ Counsellor များနှင့် ချိတ်ဆက်ပေးခြင်း၊ မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးများ ဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သော အကူအညီများရရှိရန် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖြစ်ရပ်စုစုပေါင်း ၆၅၆၉ ခုအား ဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေး ၁၀၁၅ ဦးအတွက် ငွေကျပ်သန်း ၁၃၀ ဒသမ ၃၉၀ ထောက်ပံ့ပေးပြီးဖြစ်ပါသည်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ၏ မဏ္ဍိုင်ကြီးသုံးရပ်အနက် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း(ASEAN Socio–Culture Community–ASCC) အောက်တွင်အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (ASEAN Senior Officials Meeting on Social Welfare and Development– SOMSWD)၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ (ASEAN Committee on Women – ACW) နှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children – ACWC)တို့ကို Focal Point အဖြစ် ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် အာဆီယံထိပ်သီးအစည်းအဝေးအသီးသီး၌ အတည်ပြုခဲ့သည့် Regional Plan of Action on Elimination of Violence Against Children in ASEAN (RPA–EVAC)၊ Regional Plan of Action on the Rights of Children in the Context of Migration(RPA–CCM)နှင့် Regional Plan of Action on the Protection of Children from all Forms of Online Exploitation and Abuse in ASEAN(RPA–COEA)တို့အား အခြားသောအာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ လိုက်နာဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် အနာဂတ်လူ့အဖွဲ့အစည်းအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ကလေးသူငယ်အခွင့်အရေးများအား လေးစားလိုက်နာသော လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်း၍ တည်ငြိမ်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်ပေးခြင်းနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းတစ်ခု ဖြစ်လာစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများအား သိရှိစေရန်၊ မိမိကိုယ်မိမိ ကာကွယ်တတ်စေရန်၊ မိမိမကြိုက်သော အပြုအမူများအား သူတစ်ပါးက ပြုမူလျှင် မည်သို့တုံ့ပြန် ဆောင်ရွက်ရမည်ကို သိရှိစေရန် လက်ဦးဆရာဖြစ်သော မိဘများ၊ ဆရာ ဆရာမများက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကလေးများ၏အခွင့်အရေး ဖြည့်ဆည်းပေးရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကလေးများနေ့အား နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

ယခုနှစ် ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်မှာ For Every Child, Every Right ဖြစ်ရာ ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေးရန် လမ်းညွှန်ချက်တစ်ခုပင်ဖြစ်သည်။ ထိုလမ်းညွှန်ချက်နှင့်အညီ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကလေးသူငယ်အခွင့်အရေး ဖော်ဆောင်ပေးရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ မိဘ၊ ရပ်ရွာလူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဘက်အဖွဲ့အစည်းများ (CSOs)အားလုံး လက်တွဲပူးပေါင်း၍ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကားချက်

- Background | World Children's Day | United Nations
- United Nations Convention on the Rights of the Child(UNCRC)(1989)
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)
- လူမှုဝန်ထမ်းဦးစီးဌာန၏ CRC ဆိုင်ရာ အချက်အလက်များ
- လူမှုဝန်ထမ်းဦးစီးဌာန၏ Case Management ဆိုင်ရာ အချက်အလက်များ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ကြီး) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် အစိုးရ နည်းပညာအထက်တန်းကျောင်း(တောင်ကြီး)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတက္ကသိုလ်နှင့် ကျောင်းတို့သို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်၊ ကျောင်းများ၏ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာစေရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးအကြီးဆုံး ကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်နှင့် ကျင့်ဝတ်များကို လေးစားလိုက်နာသော နိုင်ငံသားကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ အားကစားကွင်းနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ကရင်မရေတွက် လမ်းဆုံ မိုင်တိုင်အမှတ် (၁၁၂/၄) မှ တောင်ကြီးဆေးတက္ကသိုလ်အနီး AC လမ်းအဆုံး (၁၁၈/၃) အထိလမ်းပိုင်းအား နည်းပညာတက္ကသိုလ်(တောင်ကြီး) မြို့ပြအင်ဂျင်နီယာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ

အဖွဲ့အလိုက် လမ်းတိုင်းတာရေး ဆောင်ရွက်နေသည့် နေရာသို့ သွားရောက်၍ တိုင်းတာဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

မလေးရှားနိုင်ငံအခြေစိုက် International Strategy Institute (ISI) က ကြီးမှူး၍ **"Towards a Corrupt–Free Future: Strengthening Global Governance Together"** ခေါင်းစဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသည့် **ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံ (World Anti–Corruption Conference – WACC)**သို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း တက်ရောက်၍ Panellist အဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

အသိပညာပေးရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊ အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေဆောင်ရွက်ခြင်း၊ ပေါ်လစီမူဘောင်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ရည်ရွယ်ကျင်းပသည့် **ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံ**တွင် "LAW ENFORCEMENT ON PREVENTION AND PERSECUTION" ၊ "STRENGTHENING GLOBAL GOVERNANCE MECHANISMS" ၊ "PREVENTING THE MISUSE OF LAWS TO EVADE ACCOUNTABILITY" နှင့် "COMBATING GOVERNMENT CORRUPTION: ENSURING ACCOUNTABILITY FOR CLEAN GOVERNANCE" ဟူ၍ ကဏ္ဍ(၄)ခုကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

"LAW ENFORCEMENT ON PREVENTION AND PERSECUTION" ကဏ္ဍတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့်အတူ ဘရူနိုင်းနိုင်ငံ Anti–Corruption Bureau (ACB) မှ Mohammad Sukri HJ Ariffin နှင့် ကိုရီးယားနိုင်ငံ ၊ Anti–corruption & Civil Rights Commission (ACRC) မှ Ms Huiri Kim တို့မှ Panellist များအဖြစ် ပါဝင်ဆွေးနွေးကြရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေ စိုးမိုးရေးအေဂျင်စီများ ခိုင်မာအားကောင်းစေရေး၊ ကြိုတင်တားဆီးကာကွယ်ရေး အစီအမံများ အားကောင်းလာစေရန် ကြိုးပမ်းအားထုတ်မှုများနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ အများပြည်သူအကျိုးထုတ်ဖော် သတင်းပေးသူ အကာအကွယ်ပေးရေး၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူများ၏ တရားမဝင်ကြွယ်ဝချမ်းသာမှုများကို ကိုင်တွယ်ဖြေရှင်းရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာချမှတ်ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု/တာဝန်ခံမှုနှင့် ကျင့်ဝတ်ဆိုင်ရာအပြုအမူများကို ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် မြှင့်တင်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းဆွေးနွေး

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများအား မဟာဗျူဟာများ ချမှတ်၍လည်းကောင်း၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်ချမှတ်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နှစ်ပတ်လည်အစီရင်ခံစာများ ပြုစု၍ ပွင့်လင်းမြင်သာမှုရှိစွာ အများပြည်သူသို့ အစီရင်ခံတင်ပြမှု၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN–PAC အပါအဝင် ဒေသတွင်း အဂတိ လိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အဖွဲ့ဝင်နိုင်ငံအချို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များနှင့် အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူမှုများနှင့်စပ်လျဉ်း၍ ထည့်သွင်းရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေပြည်တော်အဆင့် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေပြည်တော်အဆင့် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အားကစားအဖွဲ့ ခေါင်းဆောင်၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသား အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ထို့နောက်ကျောင်းသား ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲ(၃/၄)နှင့် Physical Fitness Dance၊ ပန်းဖွားအက အစီအစဉ်များကို သရုပ်ပြတင်ဆက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စားပွဲတင် တင်းနစ်၊ ကြက်တောင်၊ ဘတ်စကက်ဘောပြိုင်ပွဲများကို အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဆိုင်ရာအဆောက်အဦများအား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၁၇

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်စီးနင်းခဲ့သည်။

၂။ အကြမ်းဖက်အဖွဲ့များအနေဖြင့် တက္ကသိုလ်အတွင်းသို့ ရောက်ရှိစီးနင်းပြီးနောက် ပညာရေးဆိုင်ရာအဆောက်အဦများအား ဖျက်ဆီးခြင်းများ ပြုလုပ်ကာ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားရှိကြောင်း သိရှိရသဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်မီကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ခဲ့ရသည်။

၃။ ထိုသို့ဆောင်ရွက်ခဲ့သော်လည်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ မလိုလားအပ်ဘဲ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသောကြောင့် အချို့ကိုသာ ပြန်လည်ကယ်ထုတ်နိုင်ခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့သည် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်။ ထို့ပြင် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အနေဖြင့် ဆရာ၊ ဆရာမအချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ထားရှိခဲ့ကြောင်း သိရှိရသည်။

၄။ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်ဘဲ နိုင်ငံအတွက်အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအင်အား ရာဂဏန်းမျှရှိသည့် တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည်တိုက်ခိုက်ခဲ့ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးခြင်း၊ အကာအကွယ်ရယူ တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ်၏ ဘုံအာတီကယ် (၃) နှင့် နောက်ဆက်တွဲစာချုပ် (၁)၏ အာတီကယ်(၅၂) တို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး ၎င်းအခြေခံသဘောတရားများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေသဘောလည်း သက်ဝင်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့သည် စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ဆရာ၊ ဆရာမများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းအား ရှုတ်ချပြီး ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် ပညာသင်ကြားခွင့် အခွင့်အရေးကို အကာအကွယ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်အမှတ် ၂၆၀၁(၂၀၂၁)အား တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီးဖြစ်၍ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၀၁(၂၀၂၁) UN Security Council Resolution 2601(2021) – the protection of Education in armed conflict ကိုလည်း ချိုးဖောက်ရာရောက်ပါသည်။

၅။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ပုံဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် လူစွမ်းအား အရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနေသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်ခြင်းပင်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သောလုပ်ရပ်ပင်ဖြစ်ပါသည်။ အလားတူ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် နိုဝင်ဘာ ၁၃ ရက်တွင် အဆိုပါတက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ထိခိုက်မှုမရှိစေဘဲ အမြန်ဆုံး ပြန်လွှတ်ပေးသွားရန်လိုကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် ပညာရေးဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမအချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ လုပ်ဆောင်နေမှု အခြေအနေများ၊ ကယားပြည်နယ်ရှိ KNPP နှင့် PDF အကြမ်းဖက်များဆီသို့ ပို့ဆောင်မည့် လက်နက်၊ ခဲယမ်းအမြောက်အများ ဖမ်းဆီးရမိမှု၊ ၁၇-၁၁-၂၀၂၃ ရက်နေ့ ထိတွေ့တိုက်ပွဲများဖြစ်ပွားမှုအခြေအနေများနှင့် ဘဏ်နှင့်ပတ်သက်သော ကောလာဟလသတင်းများ ထွက်ပေါ်နေမှုအခြေအနေတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ထူးခြားဖြစ်စဉ်အနေနဲ့ ထိတွေ့တိုက်ပွဲဖြစ်စဉ်အနေနဲ့ ပထမဦးဆုံး ကျွန်တော်တို့အနေနဲ့ မနေ့ကလည်း ကျွန်တော် ပြောခဲ့ပြီးဖြစ်တယ်။ အွန်လိုင်း လိမ်လည်မှုတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရအနေနဲ့ အမြစ်ပြတ်ချေမှုန်းနိုင်ရေး ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အဓိကဖြစ်ပွားခဲ့တဲ့နယ်မြေ ရှမ်းပြည်နယ်အရှေ့မြောက် နယ်မြေတွေနဲ့ ဆက်စပ်နေတဲ့ နယ်မြေတွေမှာ ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့ တောင်ပိုင်းမှာ ကျွန်တော်တို့ ဒီလဆန်းပိုင်းကနေစပြီးတော့ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးမှုတွေဆောင်ရွက်တဲ့ နေရာမှာ နိုဝင်ဘာလ ၅ ရက်နေ့က ရှမ်းပြည်နယ်အရှေ့ပိုင်း "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မက်မန်းမြို့နယ် ကျေးရွာတွေကို တရားမဝင် ဝင်ရောက်နေထိုင်သူတွေ ဝင်ရောက်စစ်ဆေးခဲ့တယ်။ စစ်ဆေးခဲ့တဲ့နေရာမှာ တရားမဝင် ဝင်ရောက်နေသူ သံသယရှိသူ ၄၈ ယောက် ဖမ်းဆီးရမိခဲ့တယ်။ ထို့ပြင် မိုင်းယောင်းမြို့နယ်ထဲမှာလည်း စစ်ဆေးခဲ့တာတွေ ဆောင်ရွက်ခဲ့တယ်။ ပြီးရင်တော့ တာချီလိတ်မှာလည်း စစ်ဆေးမှုတွေဆောင်ရွက်ခဲ့တယ်။ ပြီးရင် ရှမ်းပြည်နယ် တောင်ပိုင်းဂိတ်တွေမှာ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့တယ်။ ဒီစစ်ဆေးမှုတွေထဲမှာ ဖမ်းဆီးရမိအနေနဲ့ကတော့ တရုတ်နိုင်ငံသား ၂၇၀၊ မလေးရှားနိုင်ငံသား နှစ်ဦး၊ ဗီယက်နမ် နိုင်ငံသားတစ်ဦးနဲ့ မြန်မာနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၂၈၆ ဦး ဖမ်းဆီးရမိခဲ့တယ်။ ဒီဖမ်းဆီးရမိသူတွေကို ကျွန်တော်တို့ ကနဦး စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ မြန်မာနိုင်ငံအတွင်းမှာ အွန်လိုင်းကတစ်ဆင့် ငွေကြေးလိမ်လည်မှုနဲ့ လောင်းကစားမှုတွေ ပြုလုပ်ဖို့ ရောက်ရှိနေတဲ့လူတွေဆိုတာ ကနဦးစစ်ဆေးဖော်ထုတ်ချက်အရ တွေ့ရှိရတယ်။ ဒီ ၂၈၆ ဦးကို ဆက်လက်ပြီး စစ်ဆေးမှုများ ဆောင်ရွက်ပြီးတော့ တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်။ အများစုကတော့ ကျွန်တော်တို့ စစ်ဆေးချက်တွေအရ သိရှိရတာကတော့ "ဝ" နယ်မြေထဲမှာ တရားမဝင် အွန်လိုင်းလိမ်လည်မှု ပြုလုပ်ရာကနေပြီးမှ ထွက်ပြေးလာတဲ့သူတွေလို့ ကျွန်တော်တို့သိရှိရပါတယ်။ အသေးစိတ် စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး တက်ကြွစွာပူးပေါင်း



ဆောင်ရွက်လျက်ရှိတယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ ကယားပြည်နယ်အတွင်းမှာ အဖျက်အမှောင့်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ KNPP၊ PDF အကြမ်းဖက်အဖွဲ့တွေထံကို ပို့ဆောင်မယ့် လက်နက်ခဲယမ်းအမြောက်အများ ဖမ်းဆီးရမိခဲ့ပါတယ်။ ပင်လုံမြို့မှာ ဖော်ထုတ်ဖမ်းဆီးရမိခဲ့တာဖြစ်တယ်။ အကြမ်းဖျင်းအားဖြင့်တော့ RPG ဒုံးပြစ်လောင်ချာ ၁၂ လက်၊ တရုတ်စက်လတ် ၉ လက်နဲ့ Type 81 မောင်းပြန်ရိုင်ဖယ် ၁၀၉ လက်ပါ ပါတယ်။ ခဲယမ်းအမြောက်အများ ဖမ်းဆီးရမိခဲ့ပါတယ်။ တရားခံများလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး Type 81 ဆိုတဲ့ လက်နက်အမျိုးအစားသည် အထူးဒေသတစ်ခုကနေပြီးမှ ထွက်လာတဲ့ လက်နက်တွေဖြစ်တယ်လို့ ယူဆရပါတယ်။ ဒီမှာ သတိရှိစေချင်တာကတော့ မြန်မာနိုင်ငံမှာအခုဖြစ်ပွားနေတဲ့ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ နောက်ကွယ်မှာ EAO အဖွဲ့တွေရှိနေတယ်။ ထောက်ပံ့ပေးနေတာတွေဟာ EAO အဖွဲ့တွေဖြစ်တယ်။ ငွေရေးကြေးရေးအရ ပြည်ပနိုင်ငံတွေက ထောက်ပံ့ပေးနေတာတွေရှိတယ်။ မြန်မာနိုင်ငံကို ယခင်ကတည်းကတိုင် ရန်သူသဖွယ်သဘောထားနေတဲ့ နိုင်ငံတွေက အကြောင်းအမျိုးမျိုးနဲ့ ထောက်ပံ့ပေးတာရှိတယ်။ လက်နက်ထောက်ပံ့မှုကိုလည်း မျိုးစုံလုပ်နေပြီးတော့ ပဋိပက္ခအရှိန်အဟုန်မြင့်နေတာဖြစ်တယ် ဆိုတာကို တွေ့ရှိရပါတယ်။

ထိတွေ့တိုက်ပွဲများအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းအရှေ့မြောက်မှာ နမ့်ခမ်းကို အဝေးကလာရောက်ပစ်ခတ်တာရှိတယ်။ တာမိုးညဲနဲ့ ဟိုပန်မှာတော့ Drop Bomb တွေချပြီး လာရောက်တိုက်ခိုက်တာမျိုးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီး အဓိက ဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မန္တလေး-မူဆယ် လမ်းကြောင်းနဲ့ ပတ်သက်ပြီးတော့ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ် အခြေအနေမှာတော့ ကယားပြည်နယ် အကျဉ်းထောင်ကို လာရောက်ပြီးတော့ ပစ်ခတ်ခဲ့တာရှိတယ်။ ဒီနေ့ နေ့ခင်းမှာတော့ ပြန် လည်ဆုတ်ခွာသွားတာရှိတယ်။ ကယားပြည်နယ်မှာ နောက်တစ်ခုက ကျွန်တော်တို့ တရားရုံးပေါ့ ။ ကယားပြည်နယ် တရားရုံးကို ဝင်ရောက်သွားပြီး မီးရှို့ဖျက်ဆီးသွားတာမျိုး ရှိတယ်။ ရခိုင်ဘက်မှာတော့ နယ်ခြားစောင့်ရဲကင်းစခန်းဖြစ်တဲ့ ဒုံးညိုရဲကင်းစခန်းသည် နှစ်ရက်ကြာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေပြီး ဒီနေ့ နေ့လယ်မှာ ပြန်ပြီး ဆုတ်ခွာပေးလိုက်တာရှိတယ်။ ထရွန်အိုင်ဘက်မှာလည်း ထိတွေ့တိုက်ပွဲ အနည်းငယ်ရှိတယ်။ ပေါက်တောမြို့မှာတော့ ပေါက်တောရဲစခန်း ဆုတ်ခွာပြီး နောက်ပိုင်းမှာ ပေါက်တောမြို့ရဲ့ အခြေအနေကို တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်ရောက်ရှိပြီးဖြစ်တယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြန်လည်ရောက်ရှိပြီး နေရာချထားပြီးဖြစ်တယ်။ မြို့ရဲ့အခြေအနေကို အားလုံးထိန်းချုပ်ထားပြီ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ အချိန်ကိုက်မှာပဲ ယခင်အပတ်တုန်းကတော့ ယခင်အပတ်ကစပြီး စက်သုံးဆီနှင့် ပတ်သက်တာ ကောလာဟလတွေ ထုတ်လွှင့်ခဲ့တာရှိပါတယ်။ ကျွန်တော်တို့စက်သုံးဆီနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ပြီးနောက်ပိုင်းမှာ စက်သုံးဆီနှင့်ပတ်သက်ပြီး ကောလာဟလများ ပြိမ်ကျသွားပြီး ခုနောက်ထပ် ဝါဒဖြန့်မှုတစ်ခုပေါ့ ဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ ဘဏ်တွေမှာ ငွေရေးကြေးရေး လုံလောက်မှုမရှိဘူးလို့၊ ဘဏ်တွေမှာ ငွေထုတ်နေပြီဆိုတဲ့ဟာတွေ ဆောင်ရွက်နေတာရှိပါတယ်။ ပြည်သူလူထုအနေနဲ့ သိရှိထားဖို့ကတော့ ဘဏ်တွေနဲ့ပတ်သက်ပြီးတော့ ဗဟိုဘဏ်ကလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အာမခံနိုင်တာက ငွေရေးကြေးရေးအနေနဲ့ အလုံအလောက်ရှိပါတယ်။ ငွေရေးကြေးရေးအနေနဲ့ ဗဟိုဘဏ်အနေနဲ့လည်း ငွေရေးကြေးရေး ထုတ်/သွင်းမှုမှာ မူတည်ပြီးတော့ ဘဏ်တွေမှာ ငွေသားလက်ကျန် ငွေသားထုတ်ပေးနိုင်မှု ချိန်ညှိဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး စိတ်ပူစရာမရှိဘူးလို့ အာမခံပြောကြားနိုင်ပါတယ်။ ။

မြိတ်မြို့၌ ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေသည့် ကျေးရွာသုံးရွာအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

မြိတ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးပွားရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းကျေးရွာ သုံးရွာအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကို နိုဝင်ဘာ ၁၅ ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပေးအပ်ခဲ့သည်။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရခြင်းသည် One Region One Product (OROP)ကို ရည်ရွယ်၍ ဒေသတစ်ခုတွင် ထုတ်ကုန်တစ်ခု ထွက်ရှိစေရန်ရည်ရွယ်၍ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်ပမှဝယ်ယူရသော ပစ္စည်းများအစားပြည်တွင်းထုတ်ကုန်ကိုသာ သုံးစွဲခြင်းဖြင့် ဒေသထုတ်ကုန်ကို သုံးစွဲ

လာစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းမှအများသို့ ပူးပေါင်းဆောင်ရွက်လာစေရန်နှင့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ အပြင် စက်ပစ္စည်းများကိုပါ ထောက်ပံ့ပေးမည့် အပြင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဈေးကွက်ရှာဖွေရေးကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကလင်ဘန်းကျေးရွာတွင် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းနှစ်ကြိမ်၊ အထူးဆိပ်ကျေးရွာတွင် အခြေခံ စက်ချုပ်သင်တန်းနှစ်ကြိမ်နှင့် ဝန်ဖို့ကျေးရွာတွင် တန်ဖိုးမြှင့်သီးနှံ အခြေခံစားသောက်ကုန် သင်တန်းနှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ရာတွင် ထူးချွန်၍ လုပ်ငန်းအမှန်တကယ် လုပ်ကိုင်ထူထောင်လိုသော သင်တန်းသားများမှ တစ်ရွာလျှင် ငါးဦးစီအား ရွေးချယ်၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥာဏ်ဇော်က အမှာစကားပြောကြားပြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသည့် ကလင်ဘန်းကျေးရွာ၊ အထူးဆိပ်ကျေးရွာ၊ ဝန်ဖို့ကျေးရွာတို့မှ တစ်ရွာလျှင် ငါးဦးစီအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ထားဝယ်မြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ထားဝယ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုစနစ်တကျနှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်ပို့ချ ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေးအတွက် မိမိတို့လုပ်ငန်းခွင်၌ စဉ်ဆက်မပြတ် ဆက်လက်လေ့ကျင့်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ဘဏ်များနှင့်ပတ်သက်၍ လတ်တလော သတင်းထွက်ပေါ်မှုများမှာ ကောလာဟလသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၇

ဘဏ်များတွင် ငွေသားထုတ်ယူမှု ကန့်သတ်ခံနေရကြောင်း လတ်တလော သတင်းထွက်ပေါ်မှုများမှာ ကောလာဟလသာဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သိရသည်။

လက်ရှိတွင် ဘဏ်များအနေဖြင့် ငွေကျပ် သိန်း ၅၀၀၀ ထိ လွှဲပြောင်းရရှိနေပြီး ဘဏ်လုပ်ငန်း တည်ငြိမ်လာချိန်တွင် လူမှုကွန်ရက်ပေါ်၌ ကောလာဟလဖြန့်ဝေနေမှုကို အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပတ်သက်သော မီဒီယာများ၊ လူပုဂ္ဂိုလ်များနှင့် မီဒီယာအရေခြုံအကြမ်းဖက်အားပေးနေသူများက ဖြန့်ဝေရေးသားနေကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ သတင်းမှားများကို ဝါဒဖြန့်နေသော်လည်း အများပြည်သူအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ကာလကဲ့သို့ ဝရုန်းသုန်းကား မဖြစ်ဘဲ အများစုမှာစဉ်းစား၍ တည်တည်ငြိမ်ငြိမ်ဖြင့် ရှိနေကြောင်းလည်း စုံစမ်းသိရှိရသည်။

“အရင် ၂၀၂၁ ကလိုဖြစ်အောင် ကြံစည်တာပါ။ ဒီသတင်းက မဟုတ်တာကို သိသိနဲ့လည်း တချို့က တစ်ဖက်စွန်းရောက်ပြီး အားပေးအားမြှောက်နဲ့ လူမှုကွန်ရက်တွေမှာ ရေးကြတယ်။ မီဒီယာနဲ့ တော်လှန်တယ်လို့ ခေါင်းစဉ်တပ်ပြီးတော့ မဟုတ်တာကိုသိသိနဲ့ နစကကို အကျပ်ရိုက်အောင်လုပ်တဲ့သဘောဖြစ်တယ်။ အမှန်ကတော့ ဘဏ်လုပ်ငန်းက အခုဆိုရင် ပိုပြီးတော့တည်ငြိမ်လာနေပြီ။ ဒါကြောင့် အခုလို ကောလာဟာလဖြန့်နေတာကို မတုန်လှုပ်ဖို့ ပြောချင်တယ်”ဟု ဘဏ်လုပ်ငန်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ယခုလတ်တလောကာလအတွင်း အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်း၊ အဆိုပါလူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော သတင်းတွင် “ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း” ပါရှိသည်။

ယင်းထုတ်ပြန်ချက်များမှာ မဟုတ်မမှန်သော သတင်းမှားများသာဖြစ်ကြောင်းနှင့် အလားတူ အချို့ပုဂ္ဂလိကဘဏ်များ၌ ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်မှာလည်း သတင်းမှားများဖြစ်ကြောင်း ဗဟိုဘဏ်က နိုဝင်ဘာလ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူအပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာ သိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ကြောင်း၊ ယင်းအပြင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်း ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ ပေးချေမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကာ ဘဏ်များ၏ Customer များကလည်း ပုံမှန် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဘဏ်များထံမှ ရယူဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

ယခုအခါ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

မျိုးခိုင်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့် အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း” စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**





✪ MFF မှ

လက်ရှိချန်ပီယံ VUC အသင်းက Sun Far အသင်းကို ၁၂ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Red Eagle အသင်းနှင့် ပြည့်စုံအသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် နိုင်ပွဲဆက်ခဲ့သည့် အုပ်စု(A)မှ လက်ရှိချန်ပီယံ VUC အသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် သေချာသွားခဲ့သည်။ အုပ်စုတတိယနေ့ကို နိုဝင်ဘာ ၁၈ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မလိုကြယ်စင်အသင်းနှင့် Winner Soccer အသင်း၊ SGF အသင်းနှင့် Futsal-19 အသင်း၊ UPK အသင်းနှင့် Dream Team အသင်း၊ YRG အသင်းနှင့် ဖူဆယ်ချစ်သူအသင်း၊ TG United အသင်းနှင့် ရိုးမအသင်း၊ KKY အသင်းနှင့် MIU အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MFF

တို့ရင်ထဲက ကိုရွှေဘာ

☆ **မှတ်မိပါသေး၊ ငယ်စဉ်ရွေးက**
ရွှေဘာရုပ်ရှင်၊ ရုံတင်လေတိုင်း
မဆိုင်းမတွ၊ ရှေ့ဆုံးကတည့်။

☆ **မင်းသားရွှေဘာ၊ နောင်ဂျိန်ချလျှင်**
နိုင်မှကျေနပ်၊ တို့စိတ်ဓာတ်တည့်။

☆ **မင်းသားရှုံးသော်**
ပိတ်ကားပေါ်လှုပ်၊ လူကြမ်းရုပ်ကို
ဖရုသဝါစာ၊ ဆဲဆိုကာဖြင့်
ကာယကံမြောက်၊ ခဲဖြင့်ပေါက်သေး
နောက်ပိုင်းတွင်မှ၊ ဇာတ်ရှိန်ကြွက
ရွှေဘာနိုင်မြဲ ဇာတ်သိမ်းပွဲ။
လက်ခေါက်မှုတ်သံ ညံမစဲ။
ရုပ်ရှင်ပညာ ဒီလိုပဲ။

☆ **သြော်. . . ရုပ်ရှင်မဟုတ်၊ ပညတ်ရုပ်တွေ**
ကျုပ်တို့ရွှေဘာ၊ တို့ရွှေဘာတွေ
စမှဆုံးတိုင်၊ ပွဲတိုင်းနိုင်၍
ပြိုင်သူတိုင်းရှုံး၊ ညက်ညက်မှုန်းမှ
နှလုံးစိတ်ဝမ်း ချမ်းသာသည်။
ရုပ်ရှင်ပရိသတ် မဟုတ်ပြီ။
ငြိမ်းချမ်းလိုသော တို့နောင်ညီ။ ။

ကို(တက္ကသိုလ်)

(တပ်မတော်သားများကို ဂုဏ်ပြုလျက်)

ဒေါပုံမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်(Kaeru Caravan) ကို ယနေ့နံနက် ၉ နာရီက ဒေါပုံအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မင်းအေးက အမှာစကားပြောကြားပြီး ဒေါပုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ထူးချွန်ဝင်းက အသိပညာပေးအစီအစဉ် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လက်တွေ့အသုံးပြုပုံများကို အသေးစိတ်ရှင်းလင်းပြသပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၈၅ ဦးအား အုပ်စု ၁၀ ခုခွဲကာ သဘာဝဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား လက်တွေ့ဆောင်ရွက်ခြင်းနှင့် ဂိမ်းကစားနည်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

ရွှေတိဂုံစေတီတော်မြတ်ကြီး၏နောင်တော်ကြီး စေတီရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မဂ်လာအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း လုပ်ငန်းဆောင်ရွက်ရန် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော် နာယူခြင်း မဂ်လာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော် တနင်္ဂနွေထောင့်အရပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးများ ချီးမြှင့်သည့် သြဝါဒကထာကို နာယူကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဝိနယဒီဃနိကာယ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များသည် နောင်တော်ကြီးစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ငြမ်းစေတီ စတင်ရန်အတွက် ဝါး၊ ကြိုးများကို ပရိတ်ရေဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **ကိုကိုဇော်-mna**

ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"၏ အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ" အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

နောက် ၁၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၁၈ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးတို့က ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနနှင့် စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ပညာဌာနဖွင့်လှစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ ဘာသာရပ်ကို စတင်ဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်ပြီးသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဝိဇ္ဇာဘွဲ့(ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)ကိုလည်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကွန်ဟိန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ကွန်ဟိန်း နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နားလီလိုင်ကျေးရွာနှင့် လိုက်ကမ်ကျေးရွာတို့၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့်ဝန်ထမ်းများသည် နားလီလိုင်ကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၄ သန်းဖြင့် အရှည် တစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် လိုက်ကမ်ကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၅၄၃ သန်းဖြင့် အရှည်သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဦးစီးမှူးက အဆိုပါကျေးရွာနှစ်ရွာရှိ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ရွှေဆက်ကျော်ကုမ္ပဏီနှင့် ရွှေတိမ်ယံကုမ္ပဏီတို့က ဇူလိုင်လ တတိယအပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ အဆိုပါကျေးရွာနှစ်ရွာရှိ အကျိုးပြုအိမ်ခြေ ၁၇၀ ၊ လူဦးရေ ၇၇၇ ဦးတို့အတွက် နွေရာသီရေရှားပါးသည့်ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်ရေသုံးရေများ ရာသီမရွေးဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ ၂၂

လာအိုနိုင်ငံ၌ အီလက်ထရောနစ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

ဗီယင်ကျန်း နိုဝင်ဘာ ၁၇

လာအိုနိုင်ငံတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ အွန်လိုင်းမှ ရောင်းချမှု ကြီးထွားလာသည်နှင့်အမျှ အစိုးရက ၂၀၂၅ ခုနှစ်အထိ ရည်မှန်းထားသည့် အီလက်ထရောနစ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တစ်ရပ်ထား ရှိဆောင်ရွက်နေကြောင်း လာအိုအမျိုးသား ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

လာအိုအစိုးရသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) မြှင့်တင်ရေးကို ဆောင်ရွက်နေကြောင်း လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ SMEs မြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Latthana Douangboupha က လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

ၔင်းဆွေးနွေးပွဲတွင် လာအိုနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အားကောင်းလာစေရန်အတွက် အီလက်ထရောနစ် ကုန်သွယ်ရေးမူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးခဲ့သည်။

လာအိုနိုင်ငံရှိ ကုမ္ဗဏီများမှ ကိုယ်စားလှယ်များသည် ၎င်းတို့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်ရန် e-commerce နှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဆိုင်ရာ အတွေ့အကြုံများကို မျှဝေရန် အတွက် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ၔင်းဆွေးနွေးပွဲမှ အတွေ့အကြုံများ မျှဝေခြင်းသည် SME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်ပစီးပွားရေး လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စေရန် အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လာအိုအစိုးရသည် အီလက်ထရောနစ်ကုန်သွယ်ရေးတွင် ရင်းနှီးမြှုပ်နှံသူများ အတွက် ရှင်းလင်းသော စည်းမျဉ်း စည်းကမ်းများ လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ပြီး ၎င်းစီးပွားရေးလုပ်ငန်းများ တိုးတက်မှုကို ပံ့ပိုးပေးရန် အမိန့်အသစ်ကို ထုတ်ပြန်ခဲ့ရာတွင် အဆိုပါအမိန့်သည် ဒစ်ဂျစ်တယ်ငွေကြေး လွှဲပြောင်းမှုနှင့် ပတ်သက်၍ ကုန်သည်များနှင့် စားသုံးသူများအကြား ယုံကြည်မှုရရှိစေခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဂျပန်အာကာသကုမ္ဗဏီက မောင်းသူမဲ့ အာကာသယာဉ်ကို လပေါ်သို့ဆင်းသက်ရန် ဒုတိယအကြိမ် ကြိုးပမ်းမည်

တိုကျို နိုဝင်ဘာ ၁၇

ဂျပန်အာကာသကုမ္ဗဏီတစ်ခုသည် ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ၎င်း၏ မောင်းသူမဲ့ အာကာသယာဉ်ကို လပေါ်သို့ ဆင်းသက်ရန် ဒုတိယအကြိမ် ကြိုးပမ်းမှုတစ်ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း ဂျပန်အာကာသလုပ်ငန်းတစ်ခုက ပြောကြားသည်။

တိုကျိုအခြေစိုက် ispace ကုမ္ဗဏီသည် ကမ္ဘာ့ပထမဆုံးစီးပွားဖြစ် လကမ္ဘာပေါ်သို့ ဆင်းသက်ရန် ရည်မှန်းလျက်ရှိသည်။ ဧပြီလတွင်ပြုလုပ်ခဲ့သည့် ၎င်း၏ လကမ္ဘာပေါ်သို့ ဆင်းသက်ရန် ပထမဆုံးကြိုးစားမှုသည် အောင်မြင်ခြင်းမရှိခဲ့ပေ။

ispace ကုမ္ဗဏီသည် လာမည့်မစ်ရှင်အတွက် ၎င်း၏မိုက်ခရိုလဆင်းသက်ယာဉ် အမျိုးအစားအသစ်ကို ထုတ်ဖော်ပြသခဲ့သည်။ ၎င်းလဆင်းယာဉ်သည် အကျယ် စင်တီမီတာ ၃၀၊ အမြင့် စင်တီမီတာ ၃၀၊ အရှည် စင်တီမီတာ ၅၀ နှင့် အလေးချိန် ၈ားကီလို ၈ရမ်ခန့်ရှိသည်။ လမျက်နှာပြင်၏ ပုံရိပ်များကို ဖမ်းယူရန် ကင်မရာတပ်ဆင်ထားသည်။

အဆိုပါ အပေါ့စားလဆင်းယာဉ်ကို ၁၄ ရက်ကြာ သွားလာလည်ပတ်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ လ၏ မည်ညာသော မျက်နှာပြင်ပေါ်တွင် ချောမွေ့စွာ သွားလာနိုင်ရန် ဘီးများကို ပုံစံအသစ်ဖြင့် ဒီဇိုင်းပြုလုပ်ထားကြောင်း ispace ကုမ္ဗဏီက ဆိုသည်။

ၔင်းတို့သည် ပထမဆုံးအကြိမ် အောင်မြင်စွာဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ကြောင်းနှင့် နောက်လာမည့် မစ်ရှင်များလွှတ်တင်မှုအတွက် သေချာစွာပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Ispace ကုမ္ဗဏီ၏ အမှုဆောင် အရာရှိ ဟာကာမာဒါ တာကီရှိက ပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများတွင် နိုင်ငံတကာပြိုင်ဆိုင်မှု ကြီးထွားလာခဲ့သည်။

Artemis အစီအစဉ်သည် အမေရိကန် ဦးဆောင်သော နိုင်ငံတကာ ပရောဂျက်တစ်ခုဖြစ်ပြီး အာကာသယာဉ်မှူးများကို လပေါ်သို့ ပြန်လည်ပို့ဆောင်ရန် ရည်ရွယ်လျက်ရှိသည်။ သြဂုတ်လတွင် အိန္ဒိယနိုင်ငံသည် လ၏တောင်ဝင်ရိုးစွန်းအနီးတွင် ၎င်း၏ မောင်းသူမဲ့အာကာသယာဉ်ကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၄ သန်း ဝယ်ယူ

တိုကျို နိုဝင်ဘာ ၁၇

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၄ သန်းကို ဝယ်ယူရန် Daiichi Sankyo ဆေးဝါးကုမ္ဗဏီနှင့် သဘောတူညီခဲ့ကြောင်း သိရသည်။

Daiichi Sankyo ဆေးဝါးကုမ္ဗဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ချိခွင့်ရရှိခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူခြင်းဖြစ်သည်။

ကျန်းမာရေးအာဏာပိုင်များက အဆိုပါ ကာကွယ်ဆေးကို လက်တွေ့အသုံးပြုနိုင်သည့် ပထမဆုံး ပြည်တွင်းထုတ်လုပ်သည့် ကာကွယ်ဆေးအဖြစ် နိုင်ငံအတွင်းရှိမြို့များသို့ ဒီဇင်ဘာလအတွင်း ပေးပို့ရန် စီစဉ်လျက်ရှိသည်။

Daiichi Sankyo ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် Omicron XBB.1.5 ကို ကာကွယ်နိုင်သည့် အတည်ပြုချက်ရရှိရန် စက်တင်ဘာလတွင် လျှောက်ထားခဲ့သည်။

လက်ရှိတွင် ဂျပန်နိုင်ငံသည် Pfizer နှင့် Moderna ကဲ့သို့သော နိုင်ငံခြားကုမ္ဗဏီများမှ ထုတ်လုပ်သော ကာကွယ်ဆေးများကို အသုံးပြုလျက်ရှိသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

ဟားမတ်စ်စစ်သွေးကြွများ ပြန်ပေးဆွဲသွားသည့် အစ္စရေးတပ်ဖွဲ့ဝင်၏ ရုပ်အလောင်းကိုရှာဖွေတွေ့ရှိခဲ့ဟု အစ္စရေးတပ်မတော်ပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၁၇

ဂါဇာကမ်းမြောင်၏ အကြီးဆုံးဆေးရုံ အယ်လ်ရှီဖာနှင့် ကပ်လျက်တည်ရှိသည့် အဆောက်အအုံတစ်ခုတွင် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်စစ်သွေးကြွများ ပြန်ပေးဆွဲသွားသော အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အစ္စရေးတပ်မတော်က နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

ပြန်လည်ရရှိခဲ့

အောက်တိုဘာ ၇ ရက်က ဟားမတ်စ်စစ်သွေးကြွများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသော အစ္စရေးအရပ်သားတစ်ဦး၏ ရုပ်အလောင်းကို ပြီးခဲ့သည့်ရက်က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုကဲ့သို့ အဆိုပါစစ်သား၏ရုပ်အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

CBS News နှင့် အင်တာဗျူးတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဂါဇာရှိ အကြီးဆုံးဆေးရုံဖြစ်သော al-Shifa ဆေးရုံတွင် ဓားစာခံအချို့ကို ထိန်းသိမ်းထားကြောင်း မိမိတို့တွင် ခိုင်လုံသော အထောက်အထားများ ရှိသည်ဟု ပြောကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တို့က ၎င်းဆေးရုံကို လက်နက်သိုလှောင်ရာနေရာအဖြစ် အသုံးပြုသည်ဆိုသည့်အချက်ကို ငြင်းဆိုထားသော်လည်း ၎င်းဆေးရုံသည် စစ်ရေးလက်နက် သိုလှောင်ရုံဖြစ်ကြောင်း အစ္စရေးက အခိုင်အမာပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်မှုများကို ညလုံးပေါက်ဆက်လက်လုပ်ဆောင်နေပြီး ပါလက်စတိုင်းနယ်မြေအတွင်းရှိ ပစ်မှတ်အများအပြားကိုလည်း တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

“အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသအတွင်း ၎င်း၏ စစ်ဆင်ရေးများကို လုပ်ဆောင်မည်ဖြစ်ပြီး ဟားမတ်စ်အဖွဲ့၏ စစ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးပစ်မည်”ဟု အစ္စရေးတပ်မတော် စစ်ဦးစီးချုပ် Herzi Halevi က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့က အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရာတွင် လူပေါင်း ၁၂၀၀ ခန့် သေဆုံးခဲ့ပြီး ဓားစာခံ ၂၀၀ ကျော်ကို ဖမ်းဆီးသွားခဲ့ပြီးနောက် ၎င်းတိုက်ခိုက်မှုကို အစ္စရေးကလည်း လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

ၔင်းပဋိပက္ခအတွင်း လက်ရှိအချိန်အထိ ပါလက်စတိုင်း ၁၁၅၀၀ ကျော် သေဆုံးခဲ့ပြီး ၂၉၀၀၀ ခန့် ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဂါဇာကမ်းမြောင်ရှိ အယ်လ်ရှီဖာဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် လူနာ ၇၀ ရာခိုင်နှုန်းနီးပါး အောက်ဆီဂျင် ပြတ်လပ်၍ သေဆုံး

ဂျေရုဆလင် နိုဝင်ဘာ ၁၇

ဂါဇာကမ်းမြောင်ရှိ အယ်လ်ရှီဖာဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် လူနာ ၇၀ ရာခိုင်နှုန်းနီးပါးသည် ဆေးဘက်ဆိုင်ရာသုံး အောက်ဆီဂျင် ပြတ်လပ်သွားခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အထူးကြပ်မတ်ကုသဆောင်လူနာ ၆၃ ဦးအနက် ၄၃ ဦးသည် အောက်ဆီဂျင်ပြတ်တောက်မှုကြောင့် သေဆုံးခဲ့ကြောင်း အယ်လ်ရှီဖာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဆေးရုံအတွင်း၌သာမက ဆေးရုံအပြင်ဘက်မှာပါ သေဆုံးသူအရေအတွက် မြင့်တက်လာကြောင်း ၎င်းဆရာဝန်က ဆက်လက်ပြောသည်။

အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် အယ်လ်ရှီဖာဆေးရုံအပါအဝင် ၎င်းနှင့်အနီးတစ်ဝိုက်နယ်မြေများသည် စိုးရိမ်ရသော အခြေအနေတွင်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် ဂါဇာကမ်းမြောင်ရှိ အယ်လ်ရှီဖာဆေးရုံတွင် မွေးကင်းစကလေးငယ်များ အပါအဝင် လူနာ ၃၄ ဦးသည် ဆေးရုံတွင် အသုံးပြုသည့် လောင်စာဆီပြတ်လပ်သွားသည့်အတွက် သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါဆေးရုံတွင် ဟားမတ်စ်အဖွဲ့၏ အဓိက အခြေစိုက်စခန်းတစ်ခုရှိကြောင်း အစ္စရေးတပ်ဖွဲ့က အခိုင်အမာပြောကြားပြီး ဆေးရုံကို ဝင်ရောက်စီးနင်းခဲ့သည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့တွင် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ၌ ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသမားများအနေဖြင့်မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများကို တရားမဝင် ပို့ဆောင်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် အတွင်းရှိ ကျေးရွာများသို့ ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရောင်အူကျေးရွာအုပ်စု မတ်ငေါက် ကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦးကို လည်းကောင်း၊ ဆွတ်ဝိုးအုပ်စု အောင်သံလွင်ကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၉၆ ဦး၊ အမျိုးသမီးနှစ်ဦးနှင့် မလေးရှားနိုင်ငံသား အမျိုးသား နှစ်ဦး ပေါင်း ၂၀၀ ကိုလည်းကောင်း၊ အေးကျန့်အုပ်စု ကာနကျေးရွာတွင် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၉ ဦး၊ အမျိုးသမီးတစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသားသုံးဦး၊ အမျိုးသမီး ငါးဦးပေါင်း ၄၈ဦးကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သတင်းအရ မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ တာကြန့်အုပ်စု တာကြန့်ကျေးရွာအနီး ဟိုခိုလမ်းခွဲ၌ စစ်ဆေးဆောင်ရွက်နေစဉ် မိုင်းယုမြို့ဘက်မှ မိုင်းယောင်းမြို့ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအား စစ်ဆေးရာ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပေါင်းနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးချက်အရ ဆိုင်ကယ် မောင်းနှင်သူ ကော်ဆမ်မိန်းကျေးရွာနေ ကိုမင်း၏နေအိမ်အားရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသားငါးဦး ပေါင်း ၁၃ ဦးကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ပါဆာကျေးရွာနှင့် စံဖူးကျေးရွာကြားရှိ ဝမ်ပုံ-စံဖူး သွားကားလမ်းတစ်လျှောက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ စံဖူးကျေးရွာအနီး လယ်ကွင်းနေရာ၌ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး ပေါင်းရှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကလောမြို့ဝင်တိုးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နိုဝင်ဘာ ၈ ရက် နံနက် ၇ နာရီခန့်တွင် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသားခုနစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ကနဦးစစ်ဆေးချက်အရ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း၌ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်ရန်အတွက် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးနေကြောင်း သိရှိရသဖြင့် ကျေးရွာများသို့ သွားရောက်၍ ခေတ္တပုန်းခိုနေထိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား ၂၇၀၊ မလေးရှားနိုင်ငံသားနှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၂၈၆ ဦးတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများအား သိရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာအနီးတွင် မြစ်ငယ်မှ အုန်းချောဘက်သို့ ဇင်မင်းထွန်း မောင်းနှင်လာသော NISSAN DIESEL ၁၂ ဘီးယာဉ်နှင့် ချမ်းသူ မောင်းနှင်၍ ထွန်းလင်း လိုက်ပါလာသော HINO PROFIA ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါ ယာဉ်နှစ်စီးပေါ်တွင် ဗီပါ ၁၄၂ လုံး၊ ပလတ်စတစ်ကော်ပုံး ၃၆ ပုံးတို့ဖြင့်ထည့်လျက် တရားမဝင် သယ်ဆောင်လာသည့် ငွေကျပ် သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိထိန်းချုပ်ဓာတုပစ္စည်း Hydrochloric Acid လီတာ ၃၆၀၊ Sulphuric Acid လီတာ ၇၂၀ နှင့် အခြားဓာတုပစ္စည်းများဖြစ်သည့် Benzene လီတာ ၁၃၆၀၊ Ethyl Acetate လီတာ ၁၁၅၂၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဓာတုပစ္စည်းများအား မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ မူးယစ်ဆေးဝါးထုတ်လုပ်ရန် သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်နေသူများဖြစ်ကြသည့် “Wa Na” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဝဏ္ဏထွန်း(ခ)ဝဏ္ဏနှင့် “Ohmar Htwe” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ဥမ္မာထွေး (ခ)အေးချမ်းတို့အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “Sai Aww” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ဘဝတီရပ်ကွက်နေ စောနိုင်ဦး(ခ)မီးသတ်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော JTY အထည်ချုပ်စက်ရုံနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ရုံးမှ အာမခံအလုပ်သမား လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးတိုင်းဒေသကြီးတာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦး က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော JTY အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးရဲမင်းဖြိုးနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ရုံးမှ အာမခံအလုပ်သမား ဦးဖြိုးသူရကျော်တို့သည် လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၇၂၀၀၀၀၀ ကို အာမခံအလုပ်သမား ဦးရဲမင်းဖြိုး၏ ဇနီးထံသို့လည်းကောင်း၊ ငွေကျပ် ၄၁၇၆၀၀၀ ကို အာမခံအလုပ်သမား ဦးဖြိုးသူရကျော်၏ မိခင်ထံသို့ လည်းကောင်း အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■ **ကယားပြည်နယ်မှ**

ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထံသို့ လက်နက်၊ ခဲယမ်းများ သယ်ယူ ပို့ဆောင်ပေးနေသော ပင်လုံမြို့ ပန်မုန့်အုပ်စု လွယ်တပ်ကျေးရွာ New Power စက်သုံးဆီ ဆိုင်ပိုင်ရှင် တရားခံ **ခွန်သောင်းထွန်း**အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ခွန်သောင်းထွန်း၏ ထွက်ဆိုချက်အရ ပင်လုံမြို့ ပန်မုန့်ကျေးရွာနေ ပေတူး(ခ)မာရီယာနို၏ နေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်အဆောက်အအုံ၌ တရားခံ **ခွန်အောင်မင်း၊ ခွန်နေမျိုး၊ ကျော်ဇင်ထွန်း၊ ခွန်အောင်ကျော်မြင့်**နှင့် **ခွန်အောင်ကျော်**တို့ငါးဦးတို့ကို ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထံသို့ ပို့ဆောင်မည့် RPG ဒုံးပစ်လောင်ချာ ၁၂ လက်၊ တရုတ်စက်လတ် ကိုးလက်၊ Type-81 မောင်းပြန်ရိုင်ဖယ် ၁၀၉ လက်စုစုပေါင်းလက်နက်မျိုးစုံ ၁၃၀ လက်၊ RPG ဒုံးသီး ၁၀၆ လုံး၊ အီနာဂါဗုံးသီး အလုံး ၆၁၀၀၊ တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး ၁၄၂၆ လုံး စုစုပေါင်း ဗုံးသီးမျိုးစုံ ၇၆၃၂ လုံး၊ ၇ ဒသမ ၆၂ ကျည်အတောင့် ၁၃၆၇၀၊ ၁၀၇ မမ စနက်အုံ အခု ၁၀၀၊ လက်နက်ငယ်ပြောင်း အပိုအချောင်း ၅၀၀၊ ကျည်အိမ်မျိုးစုံ ၁၈၂၉ ခု၊ TNT ယမ်း ၉၅၀ ကီလိုဂရမ်၊ အမိုနီယမ် နိုက်ထရိတ် ၂၀၀ ကီလိုဂရမ်၊ Equipment အစုံ ၂၀၀၀၊ Canter အမျိုးအစား (လိုင်စင်မဲ့) ခြောက်ဘီးယာဉ်သုံးစီး၊ Ford အမျိုးအစား (လိုင်စင်မဲ့) မော်တော်ယာဉ် တစ်စီးနှင့် Vigo အမျိုးအစား(လိုင်စင်မဲ့) မော်တော်ယာဉ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဘက်သို့ လက်နက်၊ ခဲယမ်းများ အဓိက ပို့ဆောင်ပေးနေသည့် ထွက်ပြေးတိမ်းရှောင်နေသူ တရားခံ **ပေတူး(ခ)မာရီယာနို**အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ခွန်သောင်းထွန်းနှင့် ပေတူး(ခ)မာရီယာနို**တို့၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိလက်နက်၊ ခဲယမ်းများအား ကယားပြည်နယ်ရှိ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ စေခိုင်းမှုဖြင့် ပင်လုံမြို့နယ် ကုန်းကျောင်းကျေးရွာသို့ လာရောက်ပို့ဆောင်သည့် SSPP/SSA ယူနီဖောင်းဝတ်ဆင်သွားရောက်သယ်ယူခဲ့ပြီး နေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်အဆောက်အအုံတွင် စုစည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်နက်၊ ခဲယမ်းများအား Canter အမျိုးအစား ခြောက်ဘီးယာဉ်တို့ဖြင့် ကယားပြည်နယ်ဘက်သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်း သယ်ဆောင်ရောင်းဝယ်မှုများ၊ ငင်းတို့ ပုန်းခိုရာ နေရာများနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြား နိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းအသိပေးသတင်းထုတ်ပြန်အြမ်းဆုံး အေးချမ်းတည်ငြိမ်ရေး ထားသည်။

သတင်းစဉ်

ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများ ပို့ဆောင်မည့် တရားခံများအားဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

တရားခံ ခွန်သောင်းထွန်း

တရားခံ ခွန်အောင်မင်း

တရားခံ ခွန်နေမျိုး

တရားခံ ကျော်ဇင်ထွန်း

တရားခံ ခွန်အောင်ကျော်မြင့်

တရားခံ ခွန်အောင်ကျော်

တရားခံ ပေတူး(ခ)မာရီယာနို

ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများ ပို့ဆောင်မည့် တရားခံများအား လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့မြင်ရစဉ်။

ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံသို့ ပို့ဆောင်မည့် လက်နက်၊ ခဲယမ်းများကို တွေ့မြင်ရစဉ်။

ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည်ပြုလုပ်၍ စိုက်ပျိုးရေပိုမိုပေးဝေနိုင်ရေး ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ဒကွ်ဇာသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအနီး ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည်ပြုလုပ်၍ ပုလွေးချောင်းမှ ရအောင်းချောင်းသို့ ရေသွယ်မြောင်း ဖောက်လုပ်ကာ ရအောင်းချောင်းမှတစ်ဆင့် ဆင်အုံကန်သို့ ရေကူဖြည့်တင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယာယီရေထိန်းဆည်တည်ဆောက်ပြီးစီးပါက စိုက်ပျိုးရေပိုမိုတိုးမြှင့်ပေးဝေရန်၊ သီးထပ်စွမ်းအား တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ရန်၊ ယာယီရေထိန်းဆည်အား သက်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုလွေးချောင်း ယာယီရေထိန်းဆည်တည်ဆောက်မည့်နေရာနှင့် ရအောင်းချောင်းသို့ ရေသွယ်မြောင်း ဖောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဆင်အုံကန်အတွင်းသို့ ချောင်းမငယ်တမံမှ ရေဖြည့်သွင်းခြင်းပမာဏ လျော့နည်းသက်သာမည်ဖြစ်ပြီး ဆင်အုံကန်အောက်ပိုင်းရေသောက်ဧရိယာများကို ရေကူပေးဝေနိုင်မည်ဖြစ်၍ နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် လယ်ဝေးမြို့နယ် သာစည်ကျေးရွာအနီး မဒန်းဆည်ရေသောက်စနစ် မြောင်းဖျားပိုင်းတွင် စိုက်ပျိုးရေ ပိုမိုတိုးတက်ပေးဝေနိုင်ရန်အတွက် ရုံးပင်ချောင်းပေါ်တွင် ယာယီရေထိန်းဆည်ပြုလုပ်၍ ဆိုလာစနစ်ဖြင့်ရေတင်ပြီး မဒန်းဆည်ရေသောက်ဧက ၅၅၀ အား ရေကူခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အကြမ်းဖက်အဖွဲ့များနှင့် နောက်ကွယ်မှပံ့ပိုးနေသည့်နိုင်ငံများအား ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၇

အကြမ်းဖက် အဖွဲ့များနှင့် နောက်ကွယ်မှ ပံ့ပိုးနေသည့် နိုင်ငံများအား ကန့်ကွက်ရှုတ်ချပွဲကို ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့တော်ခန်းမရှေ့ ပျဉ်းမနား-တောင်ညိုကားလမ်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် အမျိုးသားရေး တက်ကြွလှုပ်ရှားသူ မြန်မာ့အမျိုးသားရေးကွန်ရက်မှ အထွေထွေအတွင်းရေးမှူး နောင်တော်လေး (Myanmar National Post အယ်ဒီတာချုပ်) နှင့် တက်ရောက်လာကြသူများက "တိုင်းတစ်ပါးအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူ ဒို့ရန်သူ"စသည့် ကြွေးကြော်သံများအား စုပေါင်းကြွေးကြော်ခဲ့ကြကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ နိုင်ငံတစ်ဝန်း မိစ္ဆာတွေကို ဆန့်ကျင်ကြ၊ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သူ ဒို့ရန်သူ"စသည့် ကြွေးကြော်သံများအား စုပေါင်းကြွေးကြော်ခဲ့ကြကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ နိုင်ငံတစ်ဝန်း အကြမ်းဖက်ဆောင်ရွက်နေမှုများ၊ အနောက်နိုင်ငံများ၏ မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ဆောင်ရွက်နေမှုများကို ဆန့်ကျင်ရှုတ်ချကြောင်း ဟောပြောခဲ့ကြပြီး တပ်မတော်အနေဖြင့် အဆိုပါ အကြမ်းဖက် အဖွဲ့အစည်းများ အပေါ် အမြစ်ပြတ်ချေမှုန်းသွားရန် ဆန္ဒဖော်ထုတ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကိုအောင်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၀၅	၂၁၅၅	၂၁၅၀	၂၁၁၅	၂၁၅၅	၂၁၈၀	၂၁၆၀	၂၁၄၀	၂၂၄၀	၂၂၅၅	၂၁၄၅	၂၁၅၅	၂၁၉၀	၂၁၉၅	၂၁၉၅	၂၄၂၅	၂၈၆၀
95 Ron	၂၂၄၀	၂၂၉၀	၂၂၈၅	၂၂၅၀	၂၂၈၅	၂၃၁၀	၂၂၉၅	၂၂၇၀	၂၃၇၀	၂၃၈၅	၂၂၈၀	၂၂၉၅	၂၃၂၅	၂၃၂၅	၂၃၃၀	၂၅၅၅	၂၉၆၀
HSD (500 ppm)	၂၁၂၅	၂၁၇၅	၂၁၇၀	၂၁၃၅	၂၁၇၀	၂၁၉၅	၂၁၉၀	၂၁၅၅	၂၂၇၅	၂၂၇၀	၂၁၆၅	၂၁၇၅	၂၂၁၀	၂၂၁၀	၂၂၁၀	၂၄၄၀	၃၁၉၀
HSD (50 ppm)	၂၂၁၅	၂၂၆၀	၂၂၆၀	၂၂၂၀	၂၂၆၀	၂၂၈၅	၂၂၈၀	၂၂၄၅	၂၃၆၅	၂၃၆၀	၂၂၅၅	၂၂၆၅	၂၃၀၀	၂၃၀၀	၂၃၀၀	၂၅၃၀	၃၂၅၀
HSD (10 ppm)	၂၂၁၅	၂၂၆၅	၂၂၆၅	၂၂၂၅	၂၂၆၅	၂၂၉၀	၂၂၈၅	၂၂၅၀	၂၃၇၀	၂၃၆၅	၂၂၅၅	၂၂၇၀	၂၃၀၀	၂၃၀၅	၂၃၀၅	၂၅၃၅	၃၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၀၁	၂၀၇၄
95 Ron	၂၁၂၉	၂၂၀၅
HSD (500 ppm)	၂၀၁၈	၂၀၈၇
HSD (50 ppm)	၂၁၀၄	၂၁၇၆
HSD (10 ppm)	၂၁၀၈	၂၁၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အာသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၃ ၀၉နေ့နေ့

MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ် တရားတော်(အင်္ဂလိမာလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀۹:၃۹** Weekly Sports Info
- **၀۹:۳۹** ပုဂ်ဝေမှုယွန်းလက်မှုပညာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၄၀** စားမြိန်ရွယ်ရာပျိုမေ့လက်ရာ
- **၁၂:၃۹** မြန်မာဇာတ်လမ်းတွဲ **'ရယ်ရွှင်လေထား'** (အပိုင်း-၁၀)
- **၁၃:၃၀** MRTV National News
- **၁۹:၀۹** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားသီးကျော်ခြေတ် စုံစမ်းစေတ်ထုတ်'** (အပိုင်း-၁၂)
- **၁۹:۳۹** ပုံပြင်ကဏ္ဍာအစီအစဉ် **"ပညာရှိစကား"**
- **၂၁:၀۹** ရွှေယမ်စုံလင်အာဆီယံအစီအစဉ်
- **၂۹:۳۹** Gasifier စွမ်းပကားကုန်ထုတ်လုပ်မှု တိုးတက်မြင့်မား
- **၂၀:၀၀** ပြည်တွင်းသတင်း
- **၂၀:۳۹** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂۹:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာ၀တောလာ'** (အပိုင်း-၁၀)
- **၂၂:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ
- **၂۲:۰۰** ဟာသပြိုင်ပွဲတော် (ရယ်စရာစင်တင်ဟာသ တစ်သန်းရပ်) **"ဝတ်ရွင်"**
- **၂۳:۰۰** တိုးတုန်းကကက်ဆက်ဇာတ်လမ်းများ **"စိန်မျက်ခုံး"**

mitv

- **07:01** Evergreen Classic: Myitta (Kyawt Kay Khaing)
- **07:10** Weekly Review
- **07:23** The Art of Making Paper Toys
- **07:27** Annually Held Hot-Air Balloon Releasing Festival
- **07:40** Myanmar Designer Studio: Ael Mondra
- **08:01** News
- **08:28** Discovering Tribes: Khamti Shan (Part-II)
- **08:42** A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
- **09:01** Quiz Time (Ep-16)
- **10:01** News
- **10:26** Children's Delight: The Ants and the Lazy Grasshopper
- **10:43** Products of Myanmar - Bamboo Hat

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ပြုစုစိုရိုသားတောပြာကြီးကွာကပလေးစီးတိုင်ဌာဝများ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** မြန်ဟာမြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဝများ (ရခိုင်သင်ပန်းနှင့်ဓနိပင်အကြောင်း)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ထူးဆန်းတွေ့ရှာရမ်းဝလေလှိုရာ(အင်းလေးဒေသ ဌေ၀ပါးရိတ်သိမ်းခြင်း)
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** လူငယ်နှင့်ပတ်သက်ကျင်(အပိုင်း-၁)
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ကချင်ရိုးရာထယင်းထုပ်နည်း
- **ကယား (၁۶:၀၀ မှ ၁၈:၀၀)** ကယားရိုးရာ၀တ်သားနဲ့ဖက်ခါးရွက်ဝါးမီးကင်
- **၀ကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** သစ်ပင်ပေါ်မှာငွေရှိသည်
- **အနောက်ပြိုးကရင် (၁۹:၀၀ မှ ၂၀:၀၀)** ဝင်ငွေကောင်းတဲ့တောင်ပေါ်ခုက်ပျော
- **အရှေ့ပြိုးကရင် (၂၀:၀၀ မှ ၂၂:၀၀)** မြတ်ဗုဒ္ဓမြစ်တည်ရာ ဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ
- **ချင်း (လိုင်ဘိုး) (၂၂:၀၀ မှ ၂၂:၀၀)** ချင်းတောင်တွင်စီးပွားဖြစ်လာသည့် စကော်ဘယ်ရီစိုက်ပျိုးရေး
- **ချင်း (ချီး) (၂၂:၀၀ မှ ၂၃:၀၀)** ဆပ်ဝါထယင်းသုပ်နှင့် ဝက်နံရိုးချဉ်ရည်ဟင်း

MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၈:۳۹** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- **၀۹:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၀:۳۹** လူငယ်တို့အတွက်လမ်းပြကြယ်
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၁۹** Bird's Eye View
- **၁۳:၀၀** MRTV National News
- **၁۶:၀၀** သတင်းပုန်ကဏ္ဍ (LIVE)
- **၁۹:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၂:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀۹:၀၀** အဖွင့်၊အလံ
- **၀۹:၃၀** ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို **'အမှန်သတင်းပေးခြင်း'**
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** တရားရုံးကဦးဆောင်သည့်စုစုပေါင်းပြရှင်းရေးစနစ်
- **၁၁:၀၀** နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆)

MRTV FARMERS' HD

- **၀۶:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှတ်ခွန်းဆက်
- **၀۶:၃၀** အနှာဂတ်ဝင်ငွေတိုးစေဖို့ပျိုးကောင်းသရက်စိုက်ကြစို့
- **၀۹:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၀:၀၀** အွန်လိုင်းဗိညာဉ် (အပိုင်း-၁)(ဇာတ်လမ်း)
- **၁۹:၁၀** I Started Gardening 18 Months Ago, Here's What it Looks Like Now
- **၂၂:၀၀** အွန်လိုင်းဗိညာဉ် (အပိုင်း-၂)(ဇာတ်လမ်း)
- **၂۳:۳۹** When food becomes scarce- high-tech farms of the future | DW Documentary

MRTV SPORTS HD

- **၀۶:၀၀** အဖွင့်
- **၀۶:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀۶:۳۰** Sports Diary
- **၁۶:၁၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁۹:၁၀** ပညာပေးဇာတ်လမ်း "ဥပါဒ်"

MRTV Application

Android iOS Huawei

Education Channel ကို ဇွဲပဉ္စင် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်ပဲလျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

http://mrtv.gov.mm

မြို့နယ်အချို့၌ လူငယ်စကားဝိုင်း၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

ဒဂုံတောင် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အမှာစကားပြောကြားပြီး စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်စိုး (နေစိုးသော်)နှင့် အတွင်းရေးမှူး ဦးသက်ဝေ (သက်ဝေမောင်)တို့က ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးနှင့် အသိပညာဖွံ့ဖြိုးတိုးတက်စေရေး လူငယ်အသိပညာပေး အကြောင်းအရာများ ဟောပြောကြသည်။

ထိုနောက် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀ ဦးက စာပေမြင့်မှလူမျိုးတင့်မည်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ အစဉ်ရှေးရှုမြန်မာ့ယဉ်ကျေးမှု၊ မူးယစ်ရန်စွယ်တို့ ကာကွယ်နှင့် ပညာရဲရင့်ပွဲလယ်တင့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုနောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ရသ စာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကိုကျောင်းသားကျောင်းသူများက လှည့်လည်ကြည့်ရှုကြသည်။ **မြို့နယ်(ပြန်/ဆက်)**

ဧီးကုန်း နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဧီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက (အထက- ဧီးကုန်း) ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ၌ Grade-10 မှကျောင်းသား ကျောင်းသူများဖြစ်သော မဆုဝတီက “လူငယ်နှင့် စာပေ”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မအေးချမ်းသူက “လူငယ်နှင့် ယဉ်ကျေးမှု”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မအေးနှင်းဖြူက “လူငယ်နှင့် စာရိတ္တ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်နန္ဒဘုန်းခန့်လွင်က “လူငယ်နှင့် မူးယစ်ဆေး”ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆွေးချေက်များအပေါ် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူနှင့် ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထိုနောက် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

မိုင်းယောင်း နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ဟိုရမ်း)၌ ကျင်းပသည်။

ပြောကြား

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး “စာတတ်ဖို့ သာမက ပညာတတ်ဖို့ပါ ကြိုးစားကြ” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ငါးဦးတို့က “လူငယ်နှင့်စာရိတ္တ”၊ “လူငယ်နှင့် ပေါင်းသင်း ဆက်ဆံရေး”၊ “လူငယ်နှင့် ကျန်းမာရေး”၊ “လူငယ်နဲ့ ကြီးပွားရေး” နှင့် “လူငယ်နဲ့ ရည်မှန်းချက်”စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထိုနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လူငယ်အသိပညာပေး စာအုပ်စာစောင်ပြပွဲ၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ကလေးအလုပ်သမား ပယျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ထွန်းမြင့်လှိုင်(ပြန်/ဆက်)

တာလေ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက နားအွန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး “လူငယ်နှင့်ရည်မှန်းချက်”၊ “လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး” စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောသည်။

ဖတ်ရှုလေ့လာ

ထိုနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေး စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် ကလေးအလုပ်သမားပယျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်က လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အင်းစိန်မြို့နယ် သတင်းစာဆရာ အသင်းနှင့် စာပေဌယျာဉ်အသင်း ဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) က “စာကြည့်တိုက်၏ ဂုဏ်ကျေးဇူး” ခေါင်းစဉ်ဖြင့် စာကြည့်တိုက် တစ်ခု ဖွင့်လှစ်ခြင်းသည် အကျဉ်းထောင်တံခါးတစ်ချပ် ပိတ်လိုက်ခြင်းနှင့် တူညီကြောင်း၊ “ စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်း”နှင့် ကျောင်းသား လူငယ်များ တိုးတက်လိုပါက စာဖတ်ကြရန် အသိပညာပေး ဟောပြောခဲ့သည်။

ထိုနောက် ကျပန်းစကားပြော ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးတို့က “လူငယ်နှင့် ပညာရေး”၊ “လူငယ်နှင့် အားကစား”၊ “လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်”၊ “ပညာရဲရင့် ပွဲလယ်တင့်”နှင့် “ကျန်းမာရေးသည်လာဘ်တစ်ပါး” စသည့် ခေါင်းစဉ်များကို မဲနှိုက်၍ အပြိုင်အဆိုင် ယှဉ်ပြိုင်ကြ၍ ဆုရရှိသူများကို တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

ဘီးလင်း နိုဝင်ဘာ ၁၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့ မွန်းလွဲပိုင်းက ဘီးလင်းမြို့ ဗိုလ်တေဇ အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘီးလင်းမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေးနှင့် စာဖတ်သည့် အလေ့အကျင့်ရရှိရေးအတွက် နယ်လှည့်စာကြည့်တိုက် လာရောက်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ဟောပြော ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ် ဖတ်ရှုစေကာ ပုံပြင်ပြောပြိုင်ပွဲကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေး လုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများ အသိပညာတိုးပွားရေး၊ စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

တောင်ဂူခရိုင်အတွင်း CMP လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု အားပေး

တောင်ဂူ နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တောင်ဂူခရိုင်အတွင်း CMP လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

လမ်းညွှန်မှာကြား

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်ဂူမြို့နယ် ငါးဖယ်အင်း ကျေးရွာအုပ်စုရှိ လုပ်ငန်းရှင် ဦးစိန်ဝင်း၏ ဝါးတူစက်ရုံသို့ သွားရောက်ခဲ့ပြီး ဝါးတူထုတ်လုပ်မှု အဆင့်ဆင့်ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝါးတူစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ဂူမြို့နယ် ညောင်ကိုင်းကျေးရွာ တောင်သူ ဦးဝင်းနိုင်၏ ဆင်းသုခ မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံ တောင်သူများအား ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမျိုးကောင်းမျိုးသန့်များ စုဆောင်းထားရှိမှုနှင့်

လာမည့်နွေစပါး စိုက်ရာသီအမီ လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဝေပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းခဲ့ရာ အစိုတင်း ၁၄၀ ၊ အခြောက် ၁၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ဂူမြို့နယ် စင်ဆိပ်ကျေးရွာရှိ တောင်သူ ဦးနိုင်ဦး၏ ဆောင်းပဲတီစိမ်း အစေ့ချ ကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ထရိုင်ဂိုဒါးမား သဘာဝမြေဩနှင့် ပဲမြစ်ဖုဇီဝ မြေဩများ တစ်ပါတည်း ထည့်သွင်းစိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် အပင်ပေါက်ရာခိုင်နှုန်း ၈၅ ရာခိုင်နှုန်းရှိသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားရန်နှင့် တစ်ဧကလျှင် သတ်မှတ်ပင်ရေ အပြည့်အဝရရှိအောင် စိုက်ပျိုးရန်၊ ဒေသခံတောင်သူများအား စိုက်ပျိုးသီးနှံများတွင် ရာသီအလိုက် ကျရောက်တတ်သည့် ရောဂါနှင့် ပိုးမွှားများအကြောင်း အသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် ဗောဓိကုန်းသကြားစက်ဝင်းအတွင်း နဝဒေး(၄) ကြံစိုက်နည်းစနစ် စံပြကွက်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး ကြံအခင်းသစ်များ ထက် လမိုင်းခင်းနှင့် လမတ်ခင်းများ အထွက်နှုန်း တိုးတက်စေရေး ကြံခုတ်နည်းစနစ်များ အသိပညာပေးရန်နှင့် ပန်းတိုင်ရည်မှန်းချက်ဖြစ်သည့် တစ်ဧကလျှင် ကြံတန် ၃၀ အထက် ထွက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"United in action to rescue and achieve the SDGs for, with and by persons with disabilities"** ကို **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက်သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်–

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလုပ်ရှား ဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ – မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတား အဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(စျ) သတ်မှတ်ချက် – ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာ ထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်–၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၄.၁၁.၂၀၂၃)ရက်၊ သောကြာနေ့၊ ညနေ(၁၆:၀၀)နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သယံနိ်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်နှင့် အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး သယံနိ်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် သုမင်္ဂလာလမ်း ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် တောင်ဥက္ကလာပ မြို့နယ်အသင်းနှင့် သယံနိ်းကျွန်း မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သယံနိ်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့်အဖွဲ့ဝင်များ၊ တောင်ဥက္ကလာပ မြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သယံနိ်းကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သယံနိ်းကျွန်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အားကစားချစ်မြတ်နိုးသူ ပရိသတ်များ တက်ရောက်အားပေးခဲ့သည်။

ထို့နောက် ပထမဆုရ တောင်ဥက္ကလာပ မြို့နယ်အသင်းအား သယံနိ်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က ဆုဖလားကို ချီးမြှင့်ပေးကာ ဒုတိယဆုရ သယံနိ်းကျွန်းမြို့နယ် အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်၊ တတိယဆုရ တာမွေမြို့နယ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးလှသိန်း၊ နှစ်သိမ့်ဆုရ ရန်ကင်းမြို့နယ် အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးသောင်းလွင်တို့က ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ပြီး ရှေ့၊ လယ်၊ နောက်၊ ဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုများကိုလည်း သယံနိ်းကျွန်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

မရမ်းကုန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က လှိုင်မြို့နယ် ရန်ကုန်ယူနိုက်တက် ဘောလုံးကွင်း၌ ကျင်းပရာ မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အဖွင့်မိန့်ခွန်း ပြောကြားဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မြောက်ဥက္ကလာပမြို့နယ်အသင်းနှင့် လှိုင်မြို့နယ် အသင်းတို့က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယှဉ်ပြိုင်ကစားမည်

အဆိုပါမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ ဝါသနာရှင် ဘောလုံးအားကစားသမားများက နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ သုံးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးမင်းသိန်း [၈/ဆပ၀(နိုင်)၀၆၃၇၈၀]၏ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ် ဆ-၁-၁၆၇/၁၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-421110517

ပျောက်ဆုံးကြောင်း

ဒေါ်ပြည့်နန္ဒာအောင် [၁၂/ဥကတ(နိုင်)၁၆၃၃၁၆၂]ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-254551915

ပျောက်ဆုံးကြောင်း

ဒေါ်ခင်စမ်းသွယ်[၁၂/ဥကတ(နိုင်)၀၁၆၈၁၂] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-254551915

ပျောက်ဆုံးကြောင်း

မောင်တင်မိုးအောင် [၁၄/မအပ(နိုင်)၂၆၂၂၄]ကိုင်ဆောင်သော သင်္ဘောသား ပတ်စ်ပို့ CDC-111346 6-11-2023 ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ Ph:09-755045902

ပျောက်ဆုံးကြောင်း

မောင်အထွန်း [ဖ/ကသန(နိုင်)၁၄၅၅၇၈] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် MH 907016 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-969538129

အမည်ပြောင်း

သာကေတမြို့နယ်၊ Y-R-S ကိုယ်ပိုင်အထက်တန်းကျောင်း KG မှ အဖ ဦးဟန်မျိုးအောင်[ဇ/မလန(နိုင်)၁၂၂၅၄၁]၏ သားမောင်မင်းသူရိန်မျိုး အား မောင်မင်းသူရိန်ဇော်ဟုပြောင်းလဲခေါ်ဆိုပေးပါရန်။

ပျောက်ဆုံးကြောင်း

ညွှန့်ညွှန့်အေး [၁၂/သကတ(နိုင်)၀၃၃၀၆၁] ကိုင်ဆောင်သူ ပတ်စ်ပို့နံပါတ် (MD 451989)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-43184067

"အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလိုင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ နယ်မြေ(၁၀)၊ မြို့ဦး ရပ်ကွက်၊ မလိုင်မြို့နယ်စည်ပင်သာယာမြို့မြေနေရာချထားရေးကော်မတီက ချမှတ်ထားသည့် မြေကွက်အမှတ်(၇၅၇)၊ ဒေါ်ခင်မာကြူ (၁) ချိုမာလွင် အမည်ပေါက်၊ မြေကွက်အကျယ်အဝန်း ဧရိယာ အလျား(၅၀)ပေ×အနံ(၇၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ဝြိုးပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလွင်ဇေ(ဘ)ဦးသန်းညွှန့်၊ [ဇ/တသန(နိုင်)၂၁၅၄၄] ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင်ဝင်းကြည် (ဘ) ဦးဘိုဝမ်း [ဇ/မလန(နိုင်)၁၃၆၃၃] သည် **(၁၅-၁၁-၂၀၂၃)**ရက်နေ့တွင် **"နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"** ချုပ်ဆိုပြီး ရောင်းဖိုးငွေများအား အပြေအကျေ ပေးချေ၍ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင်ဝင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မင်းမင်းစိုး(LL.B)
တရားလွတ်တော်ရှေ့နေ (စဉ်-၁၈၅၁၄)
ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊
အောင်သိန္ဒိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၆၉၂၅၇၄၇၊ ၀၉-၇၅၀၁၁၀၉၅

ကန်ထရိုက်တာ ဦးခင်မောင်သိန်းနှင့် အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၄၆ ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၆၄၁)နေ ဦးခင်မောင်သိန်း (၁၂/လမန(နိုင်)၁၂၇၁၃၉) နှင့် မြေရှင်များဖြစ်သော ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်သန်းသန်းမေတို့သည် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက် အမှတ်(၅၉၈)၊ နှစ်(၆၀)ဂရန်မြေ ဧရိယာ(၂၅ပေ)× (၅၀ပေ)ပေါ်၌ (၂)ခန်းတွဲ(၆)ထပ်တိုက်သစ်တစ်လုံးအား ကန်ထရိုက်တာနှင့် မြေရှင်အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ရန် (၁၂.၂.၂၀၂၂)ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ပြုလုပ်ချုပ်ဆိုပြီးချိန်မှ စ၍ယနေ့တိုင် ကန်ထရိုက်တာ ဦးခင်မောင်သိန်းသည် မြေရှင်များနှင့် ဆက်သွယ် ခြင်းအလျှင်း မရှိတော့ပါသဖြင့် မြေရှင်များအနေဖြင့် ကန်ထရိုက်တာ ဦးခင်မောင်သိန်းနှင့် ပြုလုပ်ချုပ်ဆိုခဲ့သော (၁.၂.၂၀၂၂)ရက်စွဲပါ စာချုပ်ကိုဖျက်သိမ်း ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍လည်း ငွေကြေးတစ်စုံတစ်ရာ ရယူထား ခြင်းမရှိသည့် အတွက် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းများ ပေါ်ပေါက်ခဲ့လျှင် ကန်ထရိုက်တာဦးခင်မောင်သိန်းနှင့် သာသက်ဆိုင်ကြောင်း မိမိတို့မြေရှင်များနှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်း ကန်ထရိုက်တာ ဦးခင်မောင်သိန်းနှင့် အများသိစေရန်ကြေညာ အပ်ပါသည်။

ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်သန်းသန်းမေတို့၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်နွယ်ဝင်း တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၄၄၁)
LL.B, D.M.L
အမှတ်(၁၀၇၇)၊ သုခမွှာလမ်း၊ မ၊ (၂)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၄၀၂၅၁ ၂၉၀၁

"ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေး(၂)လမ်း၊ အမှတ်(၁၇ဖ)၊ (၅လွှာ) ခေါင်းရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားသူက အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဒေါ်သက်သက်မာ [၁၂/သကတ(နိုင်)၀၀၁၄၇၂] ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ကျွန်ပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယုယုထွေး LL.B
အထက်တန်းရှေ့နေ (စဉ်-၅၅၀၀၅)
အမှတ်(၄၁)၊ အောင်တံခွန်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်။ Ph:09-961731911

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့၊ သန်လျင်- ကျောက်တန်းမြို့နယ်၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဥမ္မာမြင့် (ဘ)ဦးစိုးမြင့် [၁၂/လမန(နိုင်)၀၇စ၃၃] ကိုင်ဆောင်သူ အမည်ဖြင့် ချထားပေးသော (ပါမစ်မြေ) မြေကွက်အမှတ် (၁၄၁၆)၊ မြေဧရိယာ (၄၀×၆၀)ပေရှိ မြေထဲမှ ခြေရင်းဘက်ခြမ်းရှိ မြေအကျယ် (၂၀×၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံး ပိုင်ရှင်ဖြစ်ပြီး၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးဇော်စိုးညွှန့် (ဘ) ဦးစိုးညွှန့်[၇/ပခန(နိုင်)၂၁၅၆၅] ကိုင်ဆောင်သူထံမှ ကျွန်ပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပါမစ်မူရင်း၊ အရောင်းအဝယ် ကတိစာချုပ်မူရင်း စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်စိုးစိုးကြည်(LL.B,D.B.L)
တရားလွတ်တော်ရှေ့နေ (စဉ်-၈၈၆၇)
အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၅၁၈၅၁၆၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၈၁၆)၊ ဧရိယာ(၀.၀၅၆)ဧကရှိ ဒေါ်ပူပြင်(အဘ-ဦးမြင့်မောင်) (X/RGN-၀၀၉၇၅၅)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မန္တလေမိတ်ရသေးသော ယာဘက်ခြမ်း ၊ မြေကွက်အမှတ်(၈၁၅)နှင့်ကပ်လျှက်အခြမ်း၊ အကျယ်အဝန်း(၂၀ ပေ × ၆၀ပေ) ရှိမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၁၆)၊ ဝိုက်ယိုးရေးလမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမာ (အဘ-ဦးထွန်းရင်) (၁၂/၈ဂတ (နိုင်) ၀၆၅၁၄၆) ထံမှ ကျွန်ပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(၁၆-၁၁-၂၀၂၃)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးပြီးပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ရွှေ (စဉ်-၆၃ ၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊ နတ်ရှင်းနောင်လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၄၂၀၈၈၅၅၄

နော်ဘဲဖေါ (ဘ)ဦးနန်းမတူး [၁၂/ကမတ(နိုင်)၀၆၈၀၃၆] နှင့် အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၃၅)၊ မြေညီထပ်နေ ဦးတင်မောင်မြင့် [၁၂/ကမတ(နိုင်)၀၅၄၅၅၀] ၏ ညွှန်ကြားချက်အရ-

ကျွန်ပ်၏အမှုသည် ဦးတင်မောင်မြင့်နှင့်အတူ ပေါင်းသင်းနေထိုင်လျက်ရှိသော ဇနီးဖြစ်သူ နော်ဘဲဖေါသည် ကျွန်ပ်အမှုသည် ဦးတင်မောင်မြင့်နှင့် ကလေး(၂)ဦးတို့ကို စွန့်ခွာ၍ အထက်ပါ နေအိမ်တွင်နေထိုင်ခြင်း၊ အဆက်အသွယ်ပြုလုပ်ခြင်း မရှိတော့ပါသဖြင့် နော်ဘဲဖေါ (ဘ) ဦးနန်းမတူး [၁၂/ကမတ(နိုင်) ၀၆၈၀၃၆] နှင့် ကျွန်ပ်၏အမှုသည် မိသားစုနှင့် လုံးဝပတ်သက်၊ သက်ဆိုင်တော့ခြင်း မရှိပါကြောင်း နော်ဘဲဖေါနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်ညိုမာမြင့်
တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၈၄၉)
အမှတ်(၂၂၄)၊ ကျောက်ရေတွင်း၊ ဖောင်တော်ဦးဘုရားလမ်း၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၅၄၅၂၆၀၆၂

"အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ကောင်ဘုကြွလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်(၁)လမ်း၊ အမှတ်(၃၁၆)ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင် တစ်ထပ်အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်၊ မြေဧရိယာ(၄၀×၆၀)ပေအကျယ် အဝန်းရှိ မြေကွက်နှင့်နေအိမ်တို့ကို နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ရရှိသူ ဒေါ်တင်ကြည် [၁၂/ဥကတ(နိုင်)၀၅၁၅၅၃] ထံမှ ဦးအောင်အောင်ကျော်စိုး [၁၂/မဂတ(နိုင်)၀၀၂၀၄၇] မှ ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ၎င်းမှတစ်ဆင့် ဦးညွှန့်လှိုင် [၁၂/မရက(နိုင်)၀စ၁၁၉၁] ၊ ၎င်းမှတစ်ဆင့် ယခုရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခေမာရွှေ [၁၂/သဃက(နိုင်)၀၅၉၁၁၈] မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း မြေငှားဂရန်မူရင်း ပြသလျက် ရောင်းချရာ ကျွန်ပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့် နေအိမ်တို့ကို ရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာမှတ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ရက်သတ္တတပတ်(၇)ရက် ကျော်သည်တိုင်အောင် ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင့်ဝါထွန်း (LL.B) **ဦးစိုးသူ (LL.B)**
တရားလွတ်တော်ရှေ့နေ (စဉ်-၁၇၆၈၆) **အထက်တန်းရှေ့နေ(စဉ်-၅၅၂၀)**
ဖုန်း- ၀၉-၇၉၉၁၄၆၆၃၊ ၀၉-၇၈၅၀၉၆၄၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆.D(၁၄၊၁၅၊၁၆)ကြီ့ကုန်း၊ မြေကွက်အမှတ်(၃၁၇)၊ ဧရိယာ-၀.၀၇၉ ဧက၊ မြေကွက်ထည်နေရာ အမှတ်(၅၉၈)၊ (၈)လမ်းတောင်၊ ကြီ့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်စန်းစန်း (၁/အစန(နိုင်)၁၀၆၃၀၄)၊ ဦးကိုကိုကြီး (၇/ပတန(နိုင်)၀၁၉စ၅၁)၊ ဦးခင်မောင် (၁/အစန(နိုင်)၁၀၅၅၁) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးခင်မောင်သည် ၂၄-၃-၂၀၀၂ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးခင်မောင်၏အုပ်အားပိုင်ဆိုင်ကြောင်းစာရွက်အမှတ်-၁၀၁၂၅/၂၀၂၂ (၉-၁-၂၀၂၂)အရ ဒေါ်ခင်ယု (၁/အစန(နိုင်)၁၀၅၇၀၇)မှ ပိုင်ဆိုင်လာအပြီး ဒေါ်စန်းစန်း၊ ဦးကိုကိုကြီး၊ ဒေါ်ခင်ယုတို့ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၅၆၄/၂၀၂၃ (၁၁-၈-၂၀၂၃)ဖြင့် ဧရိယာ-၀.၀၇၉ဧကအနက်မှတရားဝင်မန္တစိတ်ရသေးသော (အလျားx အနံ) (၂၅'x၆၀')စပ်အားဝယ်ယူပိုင်ဆိုင်သူဒေါ်နီလာထွန်း(၁/အစန(နိုင်)၀၀၁၁၁၈)မှ ဖော်ပြပါပိုင်ဆိုင်ကြောင်းစာချုပ်၊ အရောင်းအဝယ်စာချုပ်၊ ဝင်ငွေခွန်ပေးဆောင်ပြီးကြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲမြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ထေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၆-H၊ အောက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၇၅)-c)၊ ဧရိယာ(၀.၀၆၉) ဧကရှိမြေသည် ဒေါ်ခင်ဆွေတင် အမည်ဖြင့် (၂၁-၂-၂၀၁၆)မှ (၂၀-၂-၂၀၄၆)အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဒေါ်ခင်ဆွေတင်ထံမှ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှုဧရိယာ၏ (၁၀-၁၀-၂၀၂၃) ရက်စွဲပါ စာချုပ်အမှတ် (၂၉/၂၀၂၃) ဂရန်မြေအရောင်းအဝယ်စာချုပ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၁၁) ရပ်ကွက်၊ ရွှေစေတီလမ်း၊ အမှတ်(၅)နေ ဦးအောင်ချစ်ဆန်း [၁၄/မအပ(နိုင်) ၀၀၁၂၂] မှ ဝယ်ယူ၍ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှုဧရိယာ၏ ဂရန်မြေ အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွန်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီဝွတ္ထော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မအူပင်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သ၆၈ (၂၉)လမ်း၊ မြေကွက်အမှတ် (K-၁၉၂)၊ အကျယ်အဝန်း (၄၀×၆၀)ပေရှိ ဒေါ်သန်းသန်း [၁၂/ဗဟန(နိုင်)၀၀၇စ၀၄] အမည်ပေါက်သည့် စလစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂] ထံမှ ကျွန်ပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ အားလုံး ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်ဟု မှတ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲရင့်ကျော် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၁၂၂၅)
အမှတ်-၁၉၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၇၂၁၉၀၆၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၇၈)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏၊ (ဒုတိယထပ်)(၃-လွှာ)(တိုက်ချက်နှာမူ ဘယ်) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ **ဦးနေလင်းအောင် [၁၂/လမန(နိုင်)၁၃၀၄၂၈]**မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ပ်၏မိတ်ဆွေ **ဦးနိုင်ဝင်း**မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်း မူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးနိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းနုစိုး(LL.B,D.B.L, D.M.L) **ဒေါ်ခင်ခင်ဆွေ(LL.B)** **ဒေါ်အိအိပိုင်(LL.B)**
တရားလွတ်တော်ရှေ့နေ(စဉ်-၁၃၄၂) **တရားလွတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** **တရားလွတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)**
အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၀၃၃၅၈၈၊ ၀၉-၅၅၅၂၄ ၂ ၂ ၂ ၀ ၃

"အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ်(၁၂၄၇) ရှိ (၁)ခန်းတွဲ(၆)ထပ်တိုက်၏စတုတ္ထထပ်၊ ၅-လွှာရှိ (၁၈ပေx၅၄ပေ)အကျယ်ရှိတိုက်ခန်းအား ယခုရောင်းချသူ ကန်ထရိုက်တာ ဦးလှမြင့် [၁၄/အမန(နိုင်)၁၇၀၀၉၅] က အကျိုးခံစားခွင့်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းတန်

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်(ယခင်ရန်ကုန်တောင်ပိုင်းခရိုင်)၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ ကောင်စီလမ်း၊ အကွက်အမှတ်(၁၂)၊ မြေနေရီပါယ်ရုံးကွက်၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀.၁၁၇)ဧကရှိ ဒေါ်ခင်အေးအမည်ဖြင့် မြေဌားဂရန်ရရှိထားသည့် ဂရန်မြေကို သန်လျင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၆ခုနှစ်၊ စာချုပ်အမှတ်-၁၆၀ (အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်)အရ ဦးချို၊ ဒေါ်လှိုင်းရိမ်(ခ)ဒေါ်ရီရီ၊ ဒေါ်ခင်ခင်(ခ) ဒေါ်ခင်ခင်ရီတို့ မောင်နမ(၃)ဦးက ပူးတွဲပိုင်ဆိုင်ကြပါသည်။ ယခုအခါ ဦးချိသည်(၄-၁၂-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါ၍ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်မာလွင်(၁၂/ပဇတ(နိုင်)၀၁၉၇၉၁)က ပူးတွဲပိုင်ဆိုင်သူ ဒေါ်လှိုင်းရိမ်(ခ)ဒေါ်ရီရီ၊ ဒေါ်ခင်ခင်(ခ)ဒေါ်ခင်ခင်ရီတို့နှင့် မြေနေ့ာလေထုံးတမ် ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မြတ်ဟာကြေညာစာချုပ်ကိုပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူ ရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးနိုင်မင်းသိန်း(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၈၈၅)
အမှတ်(၁)၊ မင်းလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း - ၀၉ ၇၉၄၄၃၉၉၂၊ ၀၉ ၂၅၁၀၆၀၈၅၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ အဝေယာလမ်း၊ တိုက်အမှတ်(၃) နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ (ခြေရင်းခန်း) အလား ၁၂ ပေခွဲx အနံ ၅၀ပေ အကျယ်အဝန်းရှိ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးရဲသီဟကျော် [၅/မမန(နိုင်)၀၅၆၉၂၄] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ဦးဉာဏ်လင်းဌေး [၁၂/တတန(နိုင်)၁၇၈၇၄၂]နှင့် ဒေါ်ထက်ထက်ဝေ [၆/ထဝန(နိုင်)၁၀၂၅၇၆] ကိုင်ဆောင်သူတို့မှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထား နိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဉာဏ်လင်းဌေး [၁၂/တတန(နိုင်) ၁၇၈၇၄၂]နှင့်
ဒေါ်ထက်ထက်ဝေ [၆/ထဝန(နိုင်)၁၀၂၅၇၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းစိုး တရားလွတ်တော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)
တိုက်(၉/၁၀)၊ (၁၀၃)စီ/ပထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph- ၀၉-၂၅၀၂၂၈၉၂ ၀၉-၄၄၃၃၀၁၈၅၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟာန်းမြို့နယ်၊ ဆရာစံ(မြောက်/အနောက်)ရပ်ကွက်၊ တင့်ဆန်းလမ်း၊ အမှတ်- ၆ တွင် ဖွင့်လှစ်ထားသော JJA Support Co.,Ltd မန်နေဂျင်းဒါရိုက်တာများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ ကုမ္ဗဏီသည် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ရာတွင် အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်နှင့်အညီ စေလွှတ်ခြင်းဖြစ်ပြီး၊ ထို (၂)နိုင်ငံမှ အပ ဂျပန်နိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ယနေ့အချိန်အထိ မည်သည့်အလုပ်သမားကိုမှ စေလွှတ်ခဲ့ခြင်း လုံးဝ (လုံးဝ) မရှိပါ။ JJA Support Co.,Ltd ၏ အမည်နှင့် အမှတ်တံဆိပ်အား ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အလွဲသုံးစားယူသုံးခြင်း၊ ကုမ္ဗဏီအားထိခိုက်နစ်နာအောင်ပြုလုပ်ခြင်း၊ ကုမ္ဗဏီ၏အဖွဲ့ဝင်ဒါရိုက်တာများအား ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သော မည်သူ့ကိုမဆို မြန်မာနိုင်ငံ၏ တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးသန့်(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၃၅၀/၁၂)
အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၀၀/တောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၁၁၅

ဦးသန်းဌေး (ဘ)-ဦးကုလားမောင် [၁၁/ကတန(နိုင်)၀၇၂၈၄၄] ကိုင်ဆောင်သူအား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်းမြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်- ၁၂ နေ ဒေါက်တာမြတ်သီတာဝင်း (ဘ) ဦးဝင်းဖေ [၁/ကမတ(နိုင်)၀၅၀၅၄၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာမြတ်သီတာဝင်းနှင့် ဦးသန်းဌေးတို့သည် ရန်ကုန်တိုင်းဒေသကြီး တရားလွတ်တော်တွင် (၁-၃-၂၀၁၇)ရက်နေ့၌ လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးသန်းဌေးသည် မိသားစုဝင်များအား ဂရုမစိုက်ခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းများရှိခဲ့ပြီး (၂၇-၃-၂၀၂၃)ရက်နေ့တွင် ၎င်းဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ဒေါက်တာမြတ်သီတာဝင်းအား စွန့်ပစ်ခြင်းအမှုကို ပြုမူဆောင်ရွက်ခဲ့ပါသည်။ ဒေါက်တာမြတ်သီတာဝင်းမှ ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း ဦးသန်းဌေးမှ ပြန်လည်ဖြေကြားခြင်းမရှိပါဘဲ မိဘများနှင့်သာ ပြောဆိုဆက်သွယ်ခဲ့ရပါသည်။ ထို့ကြောင့် ဒေါက်တာ မြတ်သီတာဝင်းမှ မိမိအား စွန့်ပစ်ခဲ့သော ခင်ပွန်းဖြစ်သူ ဦးသန်းဌေးအား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ထို့ပြင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား ဒေါက်တာမြတ်သီတာဝင်းမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဒေါက်တာ မြတ်သီတာဝင်းနှင့် ဦးသန်းဌေးတို့သည် လုံးဝ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဥက္ကာအေး(LL.B, D.B.L, D.I.L) **ဦးမြတ်ဖုန်းလွိုင် (LL.B, C.B.L)**
တရားလွတ်တော်ရှေ့နေ **တရားလွတ်တော်ရှေ့နေ**
(စဉ်-၁၄၆၁/၁၄-၆-၁၈) **(စဉ်-၁၇၈၈၂/၃-၁-၂၂)**
အမှတ်(၁၇၈၊ ပ-ထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀ ၀၀၄၂၆၉

အမည်မှန်နှင့် ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၁) (Grade-4(D)မှ မောင်ချစ်ဇော်ဒေါင်လွမ်း၏ အမည်မှန်မှာ မောင်ရီးဇော်ဒေါင်လွမ်းဖြစ်ပြီး Grade-2(C)မှ မောင်ဒေါင်ဇောင်း၏ အမည်မှန်မှာ မောင်ရီးဇော်ဒေါင်ဇောင်းဖြစ်၍ ၎င်းတို့၏ ဖခင် ဦးချစ်ဇော်ခေါင်ဒေါင်(ခ)ဦးခေါင်ဒေါင် [၁/မကန(နိုင်)၁၇၂၃၃]သည် တစ်ဦးတည်းဖြစ်ပါသည်။

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဆိုင်းထွယ်ပန် [၁/မကန(နိုင်)၁၂၂၄၄၃]၏ ပတ်စ်ပို့နံပါတ် (MA-611001) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၀၉-၇၉၀၁၇၉၁၉၇

ပတ်စ်ပို့ပျောက်

ကျွန်မ မချိုဆာနာ(ခ) ဂျိုဆာနာ [၁/မကန(နိုင်) ၁၅၄၈၉၇]၏ ပတ်စ်ပို့နံပါတ် (MB-386125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၀၉-၇၇၄၈၃၁၃၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးမွှားရေးမြောက်)၊ လူနေရပ်ကွက်အမှတ်(မြယမုံ)၊ မြေကွက်အမှတ်(၁၄)၊ အကျယ်အဝန်း(၆၈၉၀)စတုရန်းပေ၊ ဧရိယာ(၀.၁၅၈)ဧကအကျယ် ရိုနှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဦးဇော်လိုင်(၉/ဝတန(နိုင်)၀၀၈၁၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ထက်ထက်အောင်
LL.B
အထက်တန်းရှေ့နေ(စဉ်-၅၅၃၇၆၆)
09408098822, 09765080073, 095080073
အမှတ် (1/A2)၊ မြဲသီတာအိမ်ရာ၊ မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၂)လမ်း၊ မြေကွက်အမှတ် (၃၁၇)၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ နှစ်(၆၀)မြေဌားဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျားx အနံ (၁၂ ၃ x၅၀)ပေရှိ မြေကွက်နှင့်နေအိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နော်လီဖော(PME-၀၈၀၁၆၁)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သန်းဖြင့် [၁/သဃက(ပြု)၀၀၀၄၉၄] (TGKN-၀၃၈၉၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏စာစစ်တိတစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်ပြည့်မြောက်သည့်အချိန်တွင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းပပမြို့(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၁၆)
အမှတ်(၆၅၅)၊ အောင်သိရီ (၆)လမ်း၊ (၂၈)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၁၀၄၃၃၂၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါဝုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၊ ဆေးစက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်-(၄၇)၊ (အလျား ၂၅ပေ x အနံ ၅၀ ပေ)ရှိ မြေပိုင်ရင် ဒေါ်သင်းသင်းဆွေ [၁၂/သခန(နိုင်)၀၉၅၂၀၄၂]နှင့် ဦးညွှန့်ဝင်း[၁၂/ဒပန(နိုင်)၀၀၆၃၀၉]တို့ပိုင် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅)ထပ်တိုက်အဆောက်အဦးမှ **ပထမထပ်(ခြေရင်းခြမ်း)** ရေ၊ မီး အပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သင်းသင်းဆွေ[၁၂/သခန(နိုင်)၀၉၅၂၀၄]က မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဝင်းအောင် [၁/မဂတ(နိုင်)၀၂၅၇၀၉]မှ အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းချသူ ဒေါ်သင်းသင်းဆွေ [၁/သခန(နိုင်)၀၉၅၂၀၄]ထံသို့ စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ **(၇)ရက်အတွင်း** ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဆန်းဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇင်ဇင်နိုင် (LL.B), D.B.L **ဦးချစ်စန်းနိုင် (LL.B)**
တရားလွတ်တော်ရှေ့နေ(စဉ်-၁၄၀၉၂) **အထက်တန်းရှေ့နေ(စဉ်-၃၉၇၁၄)**
အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၄၄၈၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈

အများသိစေရန်ကြော်ငြာခြင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-သကတ-၂၊မြေကွက်အမှတ် ၇၉၉/ခ၊ဧရိယာ(၀.၀၂၉)ဧက၊မြေကွက်တည်နေရာအမှတ်-၇၉၉/ခ၊မြို့မငြိမ်းလမ်း၊(၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးတင်ယု(NTG-၀၁၆၁၇၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးတင်ယု(NTG-၀၁၆ ၁၇၆)(၁၂/လသယ(နိုင်)၀၁၂၇၈၈)ကိုယ်တိုင်မှဂရန်မူရင်းသည်နှာဂစ်မုန်တိုင်းတိုက်ခတ်စဉ်ပျောက်ဆုံးသွားကြောင်းသက်ဆိုင်ရာရဝင်ကုက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပြီးပြီးဖြစ်ပါသဖြင့်အမှုတွဲအမှတ်ဂရန်သကတ-၂/၉၉အရ(၂၅)-၁-၉၅)ဖြင့်မူလကထုတ်ပေးခဲ့သည့်ဦးတင်ယုအမည်ပေါက်နှစ်(၆၀)မြေဌားစာချုပ်ဂရန်အားပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

